# ကြေးမုံ

# The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 13 February 2024 ၁၁၃၇၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိမြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ညနေ ၆ နာရီတွင် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ယနေ့ ဖတ်စရာ**

**ပြည်သူ့စစ်မှုထမ်းဥပဒေကို အသက်ဝင်အောင်ဆောင်ရွက်ခြင်းဟာ ပြည်သူလူထုပါဝင်တဲ့ ကာကွယ်ရေးစနစ်တစ်ခု တည်ဆောက်ဖို့အတွက် တစ်နည်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအင်အားစုကြီးတစ်ရပ် ပေါ်ပေါက်လာဖို့ ရည်ရွယ်တယ်လို့ ထင်ပါတယ်။ လူငယ်များကြံ့ခိုင်ရေး၊ အမျိုးသားရေးစိတ်နိုးကြားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စစ်မှန်သော ဖက်ဒရယ်စနစ်တည်ဆောက်ရေး၊ မြို့ရွာရပ်ကွက်များ စနစ်တကျ ကာကွယ်ရေးအတွက် မျိုးဆက်သစ်လူငယ်တွေကို တိုင်းပြည်ရဲ့အားများဖြစ်လာအောင် စုစည်းထားခြင်းဖြစ်တယ်လို့မြင်ပါတယ်။**

ဆောင်းပါး စာမျက်နှာ » ၇

**သစ်ပင်မျိုးဗီဇများ ထိရောက်စွာ မျိုးပွားခြင်းအတွက် နည်းလမ်းတစ်ခုကို တီထွင်ခဲ့ဟု ပညာရှင်များ ပြောကြား**

စာမျက်နှာ » ၁၃

**ပညာရှင်များ၏ သုတေသနစွမ်းပကား**

ဆောင်းပါး စာမျက်နှာ » ၁၈

# နိုင်ငံသားများ၏ မူလတာဝန်ဝတ္တရားနှင့်အညီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်၊ ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ စတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ)အရ သတ်မှတ်ခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့သည့် အဆိုပါဥပဒေသည် စတင်၍အာဏာတည် အသက်ဝင်လာပြီဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည် အသက်ဝင်လာသည့် ကိစ္စနှင့်ပတ်သက်၍ လတ်တလောတွင် ပြည်သူများကြား၌ ပြောဆိုဝေဖန်သုံးသပ်မှုများဖြစ်ပေါ်နေသည်ကို ကြားသိရပါသည်။ တစ်ချိန်တည်းတွင် နိုင်ငံတော်၏ဆောင်ရွက်ချက်များကို အစဉ်တစိုက်နှောင့်ယှက်နေကြသော ပြည်ပအခြေစိုက် အကြမ်းဖက်အားပေး မီဒီယာများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက ဝေဖန်တိုက်ခိုက်မှုများပြုလုပ်လာကြသည်ကိုလည်း ကြားသိနေရပါသည်။ နိုင်ငံတော်ကို ချစ်မြတ်နိုးသည့်ပြည်သူများက အသိအမှတ်ပြု ထောက်ခံနေကြသည်ကိုလည်း ကြားသိနေရပါသည်။

ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံးနှင့်သက်ဆိုင်သော အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ရေးရှုပြဋ္ဌာန်းထားခြင်းဖြစ်၍ နိုင်ငံသားတစ်ယောက်အနေဖြင့် အလေးအနက်ထားရမည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတိုင်းနိုင်ငံတိုင်းတွင် သက်ဆိုင်ရာနိုင်ငံအလိုက် အခြေခံဥပဒေပြဋ္ဌာန်းဆောင်ရွက်နေကြပါသည်။ ပြဋ္ဌာန်းထားသောအခြေခံဥပဒေများတွင် နိုင်ငံသားအခွင့်အရေး၊ တာဝန်နှင့်ဝတ္တရားများ အသီးသီးပါရှိပါသည်။ ပြဋ္ဌာန်းထားသော အခြေခံဥပဒေနှင့်အညီ နိုင်ငံသားများက လိုက်နာဆောင်ရွက်ကြရပါသည်။ ဤအချက်များကို မည်သည့်နိုင်ငံမျှ ချန်လှပ်ထားခြင်းမရှိဘဲ အလေးထားဆောင်ရွက်နေကြပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခုမှအရေးပေါ် အသစ်ပြဋ္ဌာန်းလိုက်ခြင်းမဟုတ်ပေ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၅၉ ခုနှစ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းထားခဲ့ပါသည်။ ၁၉၅၉ ခုနှစ် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်၌ ပြန်လည်ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်ပြည်သူ့စစ်မှုထမ်းဥပဒေကို ယနေ့ကာလတွင် အာဏာအသက်ဝင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ လူ့အသိုက်အဝန်းတစ်ခုတွင် လိုအပ်လာလျှင် လူတိုင်းလူတိုင်း မိမိနိုင်ငံ၊ မိမိအသိုက်အဝန်းကို ကာကွယ်စောင့်ရှောက်ကြရပါသည်။

မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ၌ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်ဟုပါရှိသည်။ ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟူသောအချက်နှင့် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်ဟူသည့်အချက်တို့ ပြဋ္ဌာန်းပါရှိသည်။ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရန်လိုအပ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ တာဝန်နှင့် ဝတ္တရားများကို သတိပြုမိရန်လိုအပ်သည်။

မျက်မှောက်ကာလတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးကို ထိပါးနှောင့်ယှက်ဖျက်ဆီးနေကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ သောင်းကျန်းသူအဖျက်သမားများက တိုင်းရင်းသား ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို နှောင့်ယှက်ဖျက်ဆီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ပြင် ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးရေးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုပါ ထိပါးစော်ကားသည့်လုပ်ရပ်များ လုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ သောင်းကျန်းသူအဖျက်သမားများ၏ လုပ်ရပ်များကြောင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ များစွာထိခိုက်နစ်နာလျက်ရှိသည်။

ပြည်တွင်းရန်၊ ပြည်ပရန်တို့ကို တပ်မတော်သည် အစဉ်အမြဲကာကွယ်စောင့်ရှောက်ပေးလျက်ရှိရာတွင် ပြည်သူများက တပ်မတော်ကို အားဖြည့်ကူညီပေးရန်လိုအပ်သည်။ တိုင်းပြည်တွင် အန္တရာယ်ရန်စွယ်များမှကင်းဝေးပြီး တည်ငြိမ်အေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်နိုင်ကြမှသာ ပြည်သူများ စိတ်အေးချမ်းသာမည်ဖြစ်သည်။ တိုင်းပြည်ကာကွယ်ရေးတာဝန်ကို တပ်မတော်နှင့်အတူ ပြည်သူလူထု တစ်ရပ်လုံး အသိစိတ်ဓာတ်ရှိစွာဖြင့် ပါဝင်ကူညီကြရန်လိုအပ်သည်။ နိုင်ငံတော်က အတည်ပြုပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားအခွင့်အရေး၊ တာဝန်နှင့်ဝတ္တရားများအရလည်းကောင်း၊ ပြဋ္ဌာန်းထားသော ပြည်သူ့စစ်မှုထမ်းဥပဒေအရလည်းကောင်း၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အရလည်းကောင်း ပြည်သူအားလုံး နိုင်ငံတော်ကာကွယ်ရေးတွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ပန်းတောင်းမြို့နယ် မကြီးထုံးကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

ပန်းတောင်း ဖေဖော်ဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကြီးထုံးကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါလမ်း၌ ကျင်းပသည်။

ဦးစွာ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့် မကြီးထုံးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကြီးရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါမကြီးထုံးကျေးရွာ ကွန်ကရစ်လမ်းသစ်အား ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူလူထုထည့်ဝင်ရန်ပုံငွေကျပ် ၁၀၈ သိန်း စုစုပေါင်းကျပ်သိန်း ၂၅၈ သိန်းဖြင့် လမ်းအရှည်ပေ ၂၁၀၀၊ လမ်းအကျယ် ၁၂ ပေ၊ ဒုခြောက်လက်မဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

## လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အမှတ်(၆)ရပ်ကွက် နဝဒေးဥယျာဉ်ခန်းမရှေ့ကွင်းပြင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်မင်းကိုက ဖတ်ကြားသည်။

မြို့နယ်(ပြန်/ဆက်)

## တောင်ငူမြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

တောင်ငူ ဖေဖော်ဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်သဝဏ်လွှာဖတ်ကြားခြင်းကို ယနေ့နံနက်က ကေတုရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးက ဖတ်ကြားသည်။

ဇော်ကိုကို(တောင်ငူ)

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၉၈၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၁၂-၂-၂၀၂၄) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၄-၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂၉၈၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

❍ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ NCAစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာ ဝန်ကြီးများနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီးတို့ကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



**ရင်းရင်းနှီးနှီး နှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့မှ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူမြို့တော်ခန်းမ လေဟာပြင်ဇာတ်ရုံ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထိုသို့ဖျော်ဖြေတင်ဆက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ပြည်ထောင်စုတေးသရုပ်ဖော်ဖြင့် လည်းကောင်း၊

**စာမျက်နှာ ၄ သို့ »»**

»»» စာမျက်နှာ ၃ မှ

ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ဗမာတိုင်းရင်းသားရိုးရာအကအဖွဲ့၊ မွန်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့တို့က တိုင်းရင်းသားရိုးရာ တေးသီချင်းများဖြင့် လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက“ထာဝရပြည်ထောင်စု” တေးသီချင်းဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဖျော်ဖြေတင်ဆက်မှုများ အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေး အဖွဲ့ဝင်များ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှစီးပွားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❖ ကျောဖုံးမှ

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ကာကွယ် စောင့်ရှောက်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝ ရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး


(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။


(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

အတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး၊ တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေးဟူသည့် အမျိုးသားရေး ဦးတည်ချက် (၅) ရပ်ဖြင့် အနှစ်သာရ ပြည့်ဝစွာကျင်းပခြင်းဖြစ်သည်။

**လွှင့်တင်**

ဦးစွာ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နံနက် ၅ နာရီခွဲတွင်ကျင်းပရာ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ တက်ရောက် အလေးပြုကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှ စတင်၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။


(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားတွင် တိုင်းရင်းသား တိုင်းရင်းသူများ နိုင်ငံတော်အလံအား အလေးပြုကြစဉ်။

နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ စစ်တွေမြို့၌ကျင်းပသည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်

**စစ်တွေ ဖေဖော်ဝါရီ ၁၂**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ သင်တန်းသား သင်တန်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေက ဖတ်ကြားသည်။



စစ်တွေမြို့၌ကျင်းပသည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ဖတ်ကြားစဉ်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ဒေါ်နုမြဇံတို့က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသက် ၂၅ နှစ်အောက် စစ်တုရင်ပြိုင်ပွဲနှင့် အသက် ၂၅ နှစ်အထက် စစ်တုရင်ပြိုင်ပွဲတို့တွင်ဆုရရှိသောအားကစားသမားများကို လည်းကောင်း၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက က မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေက အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေသည် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်တွေမြို့ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူ ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဦးရဲကျော်သူကျောင်းတိုက်နှင့် သကျမုနိသိမ်တော်ကြီး ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လက်ရှိရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ၏ အခြေအနေ၊ ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှုအခြေအနေများကို လျှောက်ထားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် အဖွဲ့သည် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး အတွင်းရှိ ဗုဒ္ဓ ရုပ်ပွားတော်မြတ်နှင့် ရှေးဟောင်းသမိုင်းဝင် စကြာမုနိဘုရားတို့ကို သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြပြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရန် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် အဖွဲ့သည် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများသည် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေကြသူများ ဖြစ်သည့်အတွက် ဝန်ထမ်းဥပဒေ၊ နည်းဥပဒေအတိုင်း နေထိုင်ကြစေလိုကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက်လည်း အတတ်နိုင်ဆုံး ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန်ဖြင့် ထမ်းဆောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့် ကိစ္စများ လုံခြုံရေးကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့မှ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်သည် အဖွဲ့ဝင်များနှင့်အတူ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ယာယီတိုက်ပွဲရှောင် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လက်ရှိစစ်တွေမြို့တွင် ဖြစ်ပေါ်နေသော အခြေအနေ၊ ဝန်ထမ်းများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ကုန်ဈေးနှုန်းကြီးမြင့်မှုများကို မိမိတို့အနေဖြင့် သိရှိသင့်သလောက် သိရှိပြီးဖြစ်ကြောင်း၊ အဖြေတစ်ခုကိုရရှိအောင် နည်းလမ်းရှာဖွေရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြဿနာ၏ အခြေအနေများကို ဖြေရှင်းနိုင်သည့် အခြေအနေတစ်ခုကို ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ မိမိတို့လုပ်ငန်းတာဝန်များ၊ ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ယာယီတိုက်ပွဲရှောင် ဝန်ထမ်းများက လက်နက်ကိုင်ပဋိပက္ခများကြောင့် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် အတတ်နိုင်ဆုံး ကြိုးစား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်သည် စစ်တွေတက္ကသိုလ်သို့ သွားရောက်ပြီး တက္ကသိုလ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက် ပျက်စီးသွားသော တက္ကသိုလ်ပင်မဆောင်နှင့် ဘွဲ့နှင်းသဘင်ဆောင် ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့်တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခများ၏ အခြေအနေ၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများက တက္ကသိုလ်အတွင်း ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှုနှင့် အဝေးသင် ကျောင်းသား ကျောင်းသူများ တက်ရောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေနှင့်တာဝန်ရှိသူများ စစ်တွေတက္ကသိုလ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော ဘွဲ့နှင်းသဘင်ဆောင်ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# စိုးနှောင့်ဗျာပွေမဖြစ်လေနှင့်....

အိုးစားဖက်

❝ ပြည်သူ့စစ်မှုထမ်းဥပဒေကို အသက်ဝင်အောင်ဆောင်ရွက်ခြင်းဟာ ပြည်သူလူထုပါဝင်တဲ့ကာကွယ်ရေးစနစ်တစ်ခု တည်ဆောက်ဖို့အတွက် တစ်နည်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအင်အားစုကြီးတစ်ရပ်ပေါ်ပေါက်လာဖို့ ရည်ရွယ်တယ်လို့ထင်ပါတယ်။ လူငယ်များကြံ့ခိုင်ရေး၊ အမျိုးသားရေးစိတ်နိုးကြားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စစ်မှန်သောဖက်ဒရယ်စနစ်တည်ဆောက်ရေး၊ မြို့ရွာရပ်ကွက်များစနစ်တကျကာကွယ်ရေးအတွက် မျိုးဆက်သစ်လူငယ်တွေကို တိုင်းပြည်ရဲ့အားများဖြစ်လာအောင် စုစည်းထားခြင်းဖြစ်တယ်လို့မြင်ပါတယ်။

တစ်နည်းအားဖြင့် ပြည်သူတွေရဲ့အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးနဲ့ မိမိတို့ရပ်ရွာဒေသကာကွယ်ရေးအတွက် ရပ်ရွာလူငယ်များစုစည်းပါဝင်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအောက်ကနေ ခိုင်မာအားကောင်းတဲ့ ကာကွယ်ရေးအရန်တပ်ဖွဲ့ကြီး ပေါ်ပေါက်လာဖို့ ရည်ရွယ်တယ်လို့ထင်ပါတယ်။ တစ်နည်းအားဖြင့် မျိုးဆက်သစ်လူငယ်တွေ နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် စစ်မှုထမ်းပြီးတဲ့နောက် အတွေးအခေါ်၊ အယူအဆတွေမှန်ကန်လာပြီး တိုင်းပြည်ကို ချစ်မြတ်နိုးတဲ့စိတ်၊ မိမိတိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်တွေကို သိမြင်လာမှာဖြစ် ❞

❖ ချစ်တဲ့သူငယ်လေ
သူငယ်ချင်းကောင်း ယောက်မတို့လေ။
❖ သူများမောင်မှာ
စစ်သံကြားလျှင် နာဖျားဥပါယ်ခိုကြတယ်။
❖ နှမလေးမယ်တို့မောင်မှာ
စစ်သံကြားလျှင် ရွှေခေးပိုက်ကာ
အိုးစားဖက်ကို လိုက်လို့ရှာသည်
ရိက္ခာကနည်း မိုးကသည်းနှင့်
သင်းတွဲကိုကူးပါလိမ့်မလားတော်။

**(စစ်မှာတစ်မူ အိုင်ချင်းမှ)**

ပင်စင်ယူထားတာ မကြာသေးတဲ့ အသိတစ်ယောက်ဆီကိုပြီးခဲ့တဲ့ရက်က ရောက်သွားတယ်။ မိမိရောက်သွားတော့ သူကဖုန်းပြောလက်စ။ “အေး… ငါစာရင်းသွားပေးမလို့…အဲဒါဘယ်မှာပေးရမလဲလို့ မင်းဆီလှမ်းမေးတာ..ဒါပဲနော်..” ဆိုပြီး ဖုန်းချလိုက်တယ်။ ကျွန်တော့်ကိုကြည့်ပြီး “အေး.. မင်းရောက်လာလို့ နို့မို့ဆို ငါသွားတော့မလို့ အထုပ်ပြင်ပြီးပြီ၊ အခုတောင် ဘယ်မှာ သတင်းပို့ရမလဲလို့မေးနေတာ”ဟု နောက်သလိုနဲ့ပြောတော့ ကျွန်တော်က“ဘာလဲ”လို့ပြန်မေးလိုက်တယ်။

**စစ်မှာတစ်မူဆိုတဲ့ အိုင်ချင်းကိုသွားသတိရ**

“အေး ငါတို့ စစ်မှုထမ်းဟောင်းတွေ အရန်တပ်ဖွဲ့ဝင် (စစ်မှုထမ်းဟောင်း) စာရင်းပေးလို့ရတယ်ဆိုလို့ စာရင်းသွားပေးမလို့။ ငါက ဗိုလ်ကြီးရာထူးနဲ့ တပ်က အငြိမ်းစားယူတာဆိုတော့ အဲဒီရာထူးပြန်ပေးမယ်ပြောတယ်။ ငါ့ကို ဘာမှမပေးနဲ့၊ G-3 , G-4 လို လက်နက်တွေမပေးနဲ့။ ဟိုတုန်းက ရိုင်ဖယ်တစ်လက်ပဲပေး ကောင်းကောင်းပစ်ပြမယ်” တဲ့။ ကျွန်တော်ကတောင် စလိုက်သေးတယ်။ “ဘာလဲ ရိုင်ဖယ်တိုင်မကွယ်နဲ့၊ မိုင်နှစ်ဆယ်အသာလေး”လားလို့ဆိုတော့ “ဒီကောင်တွေကို ခံပြင်းလွန်းလို့၊ ငါတို့တုန်းက သံလွင်မြစ်ကို ဝါးဖောင်နဲ့ကူးပြီးတိုက်လာတာ၊ ဒီလောက်နည်းပညာတွေ တိုးတက်လာတဲ့ခေတ်ကျမှကွာ” လို့ အားမလို၊ အားမရပြောနေတာကိုကြည့်ပြီး အထက်က ဖော်ပြခဲ့တဲ့ တောင်တွင်းရှင်ငြိမ်းမယ်ရဲ့ စစ်မှာတစ်မူ ဆိုတဲ့ အိုင်ချင်းကိုသွားသတိရမိတာပါ။

တပ်မတော်သားတစ်ခါဖြစ်ဖူးရင် ထာဝရစစ်သားဖြစ်သွားတယ်ဆိုတဲ့စကားကို ကြားဖူးခဲ့တာ။ အခုလို အိုးစားဖက်ကို လိုက်ဆက်သွယ်နေတဲ့ စစ်သားဟောင်းကြီးကို မျက်မြင်တွေ့လိုက်ရတော့ တပ်မတော်အပေါ်၊ တိုင်းပြည်အပေါ်ထားတဲ့ သူတို့ရဲ့စိတ်စေတနာကို လေးစားမိပါတယ်။ သူဆိုရင် စစ်သားပီပီသသနဲ့ တပ်မတော်မှာ တာဝန်ထမ်းဆောင်ခဲ့တယ်။ တပ်ဘက်ကနေ အရပ်ဘက်ကိုရောက်လာတော့လည်း ရိုးရိုးသားသား ကြိုးစားပြီး မိသားစုငါးယောက်ရဲ့ စားဝတ်နေရေးကို မညည်းမညူထမ်းခဲ့တာ၊ သားသမီးတွေကလည်း အရွယ်ရောက်လို့ သူတို့ဝန် သူတို့ထမ်းနိုင်တဲ့အချိန်မှာ သူကပင်စင်ယူ၊ ဘဝကို အေးအေးချမ်းချမ်းနဲ့ ဖြတ်သန်းရတော့မယ့်အချိန်မှာ နိုင်ငံတော်မှာ ဒီလိုအခြေအနေတွေဖြစ်လာတော့ ထာဝရစစ်သားကြီးရဲ့ တာဝန်ပြန်ယူချင်တဲ့စိတ်၊ အိုးစားဖက်ကိုလိုက်ရှာချင်တဲ့စိတ်ကို မလေးစားဘဲမနေနိုင် ဖြစ်ရပါတယ်။

သူ့ဆီကပြန်ရောက်ပြီး နောက်ရက်မှာပဲ ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ရက်စွဲနဲ့ အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာခဲ့တာတွေ့ရပါတယ်။ ဒီဥပဒေဟာ ၂၀၁၀ ပြည့်နှစ်ကတည်းက အတည်ပြုပြီးသားဥပဒေဖြစ်ပါတယ်။ အချိန်အခါအရ လိုအပ်လာလို့ ဥပဒေအာဏာတည်ကြောင်း ထုတ်ပြန်ကြေညာတယ်လို့ ယူဆပါတယ်။ ဒါကို အခုချက်ချင်းပဲ စစ်ထဲလိုက်ရတော့မယ့်အတိုင်း လူမှုကွန်ရက်ပေါ်မှာ လူငယ်တွေကို လမ်းမှားရောက်အောင် တွန်းပို့လုပ်ဆောင်နေကြတာကို တွေ့မြင်ရပါတယ်။ တကယ်တော့ ဥပဒေအာဏာတည်သွားပေမယ့် လက်တွေ့ကျင့်သုံးနိုင်ဖို့အတွက် အဆင့်ဆင့်ဆောင်ရွက်ရမှာတွေ ရှိပါသေးတယ်။ လိုအပ်တဲ့ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ အမိန့်ကြော်ငြာစာတွေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေ စသည်ဖြင့် လုပ်ငန်းစဉ်တွေအများကြီးကျန်ပါသေးတယ်။ လောလောဆယ်တော့ ရှိပြီးသားဥပဒေတစ်ခုကို အသက်ဝင်အောင် ဆောင်ရွက်ခြင်းအဆင့်ပဲ ရှိပါသေးတယ်။

❝ နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရဆိုတာ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီ လွန်ခဲ့တဲ့နှစ်ပေါင်း ၇၇ နှစ်လောက်ကတည်းက မျှော်မှန်းခဲ့တဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကြီးဖြစ်တယ်ဆိုတာ မျိုးဆက်သစ်တွေကို သိစေချင် ❞

ပြည်သူ့စစ်မှုထမ်းဥပဒေကို အသက်ဝင်အောင်ဆောင်ရွက်ခြင်းဟာ ပြည်သူလူထုပါဝင်တဲ့ကာကွယ်ရေးစနစ်တစ်ခု တည်ဆောက်ဖို့အတွက် တစ်နည်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအင်အားစုကြီးတစ်ရပ်ပေါ်ပေါက်လာဖို့ ရည်ရွယ်တယ်လို့ ထင်ပါတယ်။ လူငယ်များကြံ့ခိုင်ရေး၊ အမျိုးသားရေးစိတ်နိုးကြားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စစ်မှန်သောဖက်ဒရယ်စနစ်တည်ဆောက်ရေး၊ မြို့ရွာရပ်ကွက်များ စနစ်တကျ ကာကွယ်ရေးအတွက် မျိုးဆက်သစ်လူငယ်တွေကို တိုင်းပြည်ရဲ့အားများဖြစ်လာအောင် စုစည်းထားခြင်းဖြစ်တယ်လို့မြင်ပါတယ်။ တစ်နည်းအားဖြင့် ပြည်သူတွေရဲ့အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးနဲ့ မိမိတို့ရပ်ရွာဒေသ ကာကွယ်ရေးအတွက် ရပ်ရွာလူငယ်များစုစည်းပါဝင်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအောက်ကနေ ခိုင်မာအားကောင်းတဲ့ ကာကွယ်ရေးအရန်တပ်ဖွဲ့ကြီး ပေါ်ပေါက်လာဖို့ ရည်ရွယ်တယ်လို့ထင်ပါတယ်။ တစ်နည်းအားဖြင့် မျိုးဆက်သစ်လူငယ်တွေ နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် စစ်မှုထမ်းပြီးတဲ့နောက် အတွေးအခေါ်၊ အယူအဆတွေမှန်ကန်လာပြီး တိုင်းပြည်ကို ချစ်မြတ်နိုးတဲ့စိတ်၊ မိမိတိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်တွေကို သိမြင်လာမှာဖြစ်ပါတယ်။

လက်ရှိအွန်လိုင်းပေါ်မှာတော့ ပြည်ဖျက်မီဒီယာတွေက ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး လူငယ်တွေစိတ်ဓာတ်ပျက်ပြားအောင်၊ တပ်မတော်ကို ဆန့်ကျင်အောင် နည်းလမ်းမျိုးစုံနဲ့ လှုံ့ဆော်သွေးထိုးပြီးတော့ အောက်လမ်းကနေ ပြည်ပကိုထွက်ကြတော့၊ လွတ်မြောက်နယ်မြေကိုလာခဲ့တော့ဆိုပြီး စည်းရုံးလှုံ့ဆော်နေကြပါတယ်။ လူငယ်မျိုးဆက်သစ်တွေအနေနဲ့ နားမယောင်ဖို့လိုပါတယ်။

**ကျန်းမာတဲ့လူမှန်ရင် စစ်ထဲမဝင်မနေရ၊**
**စစ်မှုမထမ်းမနေရဆိုပြီး စံနစ်နဲ့ဖြစ်**

ဒီနေရာမှာ အလျဉ်းသင့်လို့ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က ရန်ကုန်မြို့တော်ခန်းမအပြင်ဘက်မှာ ပြည်သူလူထုကို ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးပြောကြားသွားတဲ့ မိန့်ခွန်းထဲက စာပိုဒ်တစ်ခုကို ကောက်နုတ်ဖော်ပြချင်ပါတယ်။ ဒါကတော့ “ဗမာပြည်လွတ်လပ်ရေးရတဲ့အခါမှာ ဗမာပြည်ကို ကာကွယ်ရမဲ့တာဝန်ဟာ ကျွန်တော်တို့တာဝန်ဖြစ်လာမယ်။ အရင်တုန်းကလို အေးအေးဆေးဆေးနေလို့ မဖြစ်တော့ဘူး။ ကျွန်တော်တို့တိုင်းပြည်အစိုးရလုပ်တဲ့လူတွေက တိုင်းပြည်ကာကွယ်ဘို့အတွက် ဗမာပြည်မှာ စစ်သားတွေနည်းတယ်ဆိုရင် ဗမာတိုင်း၊ ဗမာတိုင်းအရွယ်ရောက်တဲ့လူတွေမှန်သမျှ ကျန်းမာတဲ့လူမှန်ရင် စစ်ထဲမဝင်မနေရ၊ စစ်မှုမထမ်းမနေရဆိုပြီး စံနစ်နဲ့ဖြစ်လာလိမ့်မယ်။ နှစ်နှစ်တန်သည်ဖြစ်စေ၊ သုံးနှစ်တန်သည်ဖြစ်စေ စစ်ထဲမှာဝင်ရမယ်။ တိုက်ချင်၊ မတိုက်ချင် ဝင်တိုက်ရမှာဘဲ။ အဲဒါဟာ လွတ်လပ်ရေးရတဲ့အခါမှာ ဖြစ်မဲ့တာဝန်မျိုးဘဲ။” (သတ်ပုံမူရင်း) ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရဆိုတာ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီ လွန်ခဲ့တဲ့နှစ်ပေါင်း ၇၇ နှစ်လောက်ကတည်းက မျှော်မှန်းခဲ့တဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကြီးဖြစ်တယ်ဆိုတာ မျိုးဆက်သစ်တွေကို သိစေချင်တာပါ။ ။

❝ ဒီဥပဒေဟာ ၂၀၁၀ ပြည့်နှစ်ကတည်းက အတည်ပြုပြီးသားဥပဒေဖြစ်ပါတယ်။ အချိန်အခါအရ လိုအပ်လာလို့ ဥပဒေအာဏာတည်ကြောင်း ထုတ်ပြန်ကြေညာတယ်လို့ ယူဆပါတယ်။ ဒါကို အခုချက်ချင်းပဲ စစ်ထဲလိုက်ရတော့မယ့်အတိုင်း လူမှုကွန်ရက်ပေါ်မှာ လူငယ်တွေကို လမ်းမှားရောက်အောင် တွန်းပို့လုပ်ဆောင်နေကြတာကို တွေ့မြင်ရပါတယ်။ တကယ်တော့ ဥပဒေအာဏာတည်သွားပေမယ့် လက်တွေ့ကျင့်သုံးနိုင်ဖို့အတွက် အဆင့်ဆင့်ဆောင်ရွက်ရမှာတွေ ရှိပါသေးတယ်။ လိုအပ်တဲ့ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ အမိန့်ကြော်ငြာစာတွေ၊ အမိန့်နဲ့ညွှန်ကြားချက်တွေ စသည်ဖြင့် လုပ်ငန်းစဉ်တွေအများကြီးကျန်ပါသေးတယ်။ လောလောဆယ်တော့ ရှိပြီးသားဥပဒေတစ်ခုကို အသက်ဝင်အောင် ဆောင်ရွက်ခြင်းအဆင့်ပဲရှိ ❞

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအား စေတနာရှင်ပြည်သူများက ဒုတိယအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၂

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအား စေတနာရှင်ပြည်သူများက ဒုတိယအကြိမ် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးဌာန၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးအဖွဲ့ရုံးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကုမ္ပဏီများမှ စေတနာရှင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။




အဆိုပါအခမ်းအနားတွင် စေတနာရှင်၊ အလှူရှင် စုစုပေါင်း ၂၀၅ ဦး၏ အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၁၀၁၀၁၂၇၀၀၀ လက်ခံရရှိခဲ့ကြောင်းနှင့် ပထမအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် စေတနာရှင်၊ အလှူရှင် ၉၉ ဦး၏ လှူဒါန်းငွေကျပ် ၁၁၂၇၃၂၅၆၀၀ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် သူနာပြုတက္ကသိုလ်(ရန်ကုန်) အားကစားပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် သူနာပြုတက္ကသိုလ်(ရန်ကုန်)က ကြီးမှူးကျင်းပသည့် အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာတင်တင်ကျော်က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။ ထို့နောက်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ပါဝင်ကူညီပေးခဲ့ကြသည့် ဒိုင်လူကြီးများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်အားကစားသမားများအား ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲတွင် ဖူဆယ်ဘောလုံးပြိုင်ပွဲ(အမျိုးသား/ အမျိုးသမီး)၊ ကြက်တောင်ရိုက်ပြိုင်ပွဲ(အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ(အမျိုးသား)၊ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ သုံးချောင်းထောက်အပြေးပြိုင်ပွဲနှင့် မုန့်စားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# ကျွန်းစုမြို့နယ်အတွင်း ပန်းခင်းစီမံချက်အဆင့်(၃)နှင့် Biometric အချက်အလက်များ စာရင်းကောက်ယူနေမှု ကြည့်ရှုစစ်ဆေး

ကျွန်းစု ဖေဖော်ဝါရီ ၁၂

တနင်္သာရီ တိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးက တိုင်းရင်းသားပြည်သူများ နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်း ရရှိရေးအတွက် ပန်းခင်းစီမံချက် အဆင့်(၃)နှင့် Biometric အချက်အလက်များ စာရင်းကောက်ယူနေမှုကို ယမန်နေ့တွင် တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး ဦးသန့်ဇင်က လာရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျွန်းစုမြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းအောင် ဦးဆောင်၍ ဝန်ထမ်းများနှင့် တာဝန်ရှိသူများပူးပေါင်းပြီး မြို့ပေါ် အမှတ်(၃)ရပ်ကွက်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အဆောက်အအုံ မှတ်ပုံတင်ခြင်း လုပ်ငန်း၊ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပန်းခင်း စီမံချက်အဆင့်(၃)အရ နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်း ဆောင်ရွက်နေမှုများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး၌ ကပကျေးရွာအုပ်စုအတွင်း နေထိုင်ကြသူများအား Biometric အချက်အလက်များ ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး၌ နိုင်ငံသားစိစစ်ကတ်ပြားရှိ၍ အိမ်ထောင်စုမရှိသူများ စာရင်းဖြည့်သွင်းဆောင်ရွက်နေမှုတို့ကို တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး ဦးသန့်ဇင်က လာရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေမြို့၌ လက်ဖက်သီးနှံစိုက်ပျိုးရေးနည်းစနစ်ကောင်းများ ကွင်းသရုပ်ပြပွဲ ကျင်းပ

ထန်ပါခွေ ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေမြို့ မြို့ပေါ်ရပ်ကွက်ရှိ တောင်သူ ဦးလန်းမောင်၏ လက်ဖက်စံပြကွက်စိုက်ခင်း၌ ယနေ့နံနက် ၉ နာရီတွင် လက်ဖက်သီးနှံစိုက်ပျိုးရေးနည်းစနစ်ကောင်းများ ကွင်းသရုပ်ပြပွဲ ကျင်းပသည်။

**အသိပညာပေး**

ဦးစွာ ထန်ပါခွေမြို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မင်းသူက လက်ဖက်မျိုးစေ့ဖြင့် ပျိုးထောင်ခြင်း၊ လက်ဖက်ကိုင်းထိုးပျိုးထောင်ခြင်း၊ လက်ဖက်ပုံသွင်းခြင်း၊ လက်ဖက်ခြံထိန်းသိမ်းရေးနည်းစနစ်နှင့် မြေဆီလွှာအရည်အသွေး ကောင်းမွန်အောင်ဆောင်ရွက်ခြင်းစသည့်နည်းလမ်းကောင်းများကို အသိပညာပေးရှင်းလင်းပြောကြားဆွေးနွေးပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်စီးမှူး ဦးအောင်မင်းသူက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **အလန်(ပြန်/ဆက်)**



# မိုင်းဖြတ်မြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်

**မိုင်းဖြတ် ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက ဟောင်ဟင်ကျေးရွာရှိ အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်က အဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကွန်ကရစ်လမ်းသစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဟောင်ဟင်ကျေးရွာပြည်သူများကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ဦးအိုက်န္တမ်းက ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးထွန်းရွှေက လမ်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကွန်ကရစ်လမ်းသစ်ကို ခေတ္တစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးကျော်လင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကွန်ကရစ်လမ်းကို မြစိမ်းရောင်စီမံကိန်း အတိုးရငွေကျပ် ကိုးသန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၉ ဒသမ ၅၇ သန်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး လမ်းအရှည် ပေ ၉၅၀၊ အကျယ် ၁၄ ပေ၊ ဒုခြောက်လက်မရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယနေ့ညနေအထိ ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်း တိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/၉လ**

# (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ တတိယနေ့ ဆက်လက်ခင်းကျင်းပြသ၊ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြသဖြင့် အထူးစည်ကား

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပါဝင်ပြသကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲတတိယနေ့အဖြစ် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ပြသလျက်ရှိရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ပြည်ထောင်စုနေ့ အခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆင်နွှဲကြသူများနှင့် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားလျက်ရှိသည်။



**တစ်နေရာတည်းမှာ လေ့လာခွင့်ရ**

ပွဲတော်သို့ လာရောက်သည့် တပ်ကုန်းမြို့မှ ကိုဝေယံ က "ဒီလိုပွဲတော်လုပ်ပေးတဲ့အတွက် ကိုယ့်တိုင်းရင်းသားညီအစ်ကိုတွေရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့တွေ၊ ဒေသထွက်ပစ္စည်းတွေနဲ့ အထင်ကရနေရာတွေကို တစ်နေရာတည်းမှာ လေ့လာခွင့်ရတယ်။ တိုင်းရင်းသားတွေရဲ့ အကအလှတွေနဲ့ ဝတ်စုံတွေဆို အခုမှမြင်ဖူးတယ်။ တိုင်းရင်းသားရိုးရာအစားအစာတွေဆိုလည်း အခုမှပဲ အစုံစားဖူးတယ်။ တကယ်ကို ထူးထူးခြားခြားကြုံတွေ့ခွင့်ရတဲ့ပွဲပါ" ဟုပြောသည်။

ထို့ပြင် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားကြသည့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြခန်းအလိုက် တာဝန်ရှိသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများ မျှဝေပေးခြင်း၊ ပြည်တွင်း/ပြည်ပ ဈေးကွက်များသို့ မိမိတို့လုပ်ကိုင်နေသည့် လုပ်ငန်းများအလိုက် လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေး ဆွေးနွေးမျှဝေပေးကြရာ လုပ်ငန်းရှင်များအပြင် အသိပညာဗဟုသုတရရှိလိုသည့် ပြည်သူများဖြင့်လည်း စည်ကားခဲ့သည်။

"ကျွန်မကတော့ MSME ထုတ်ကုန်ပစ္စည်းတွေကို စိတ်ဝင်စားတဲ့အတွက် မကွေးမြို့ကနေ လာရောက်လေ့လာတာဖြစ်ပါတယ်။ ဝင်ရောက်လေ့လာတဲ့အခါမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကထွက်တဲ့ ဒေသထွက်ကုန်တွေနဲ့ တိုင်းရင်းသားရိုးရာအစားအစာတွေကိုသိရှိရတဲ့အတွက် ဗဟုသုတတွေ ရရှိပါတယ်။ ဒါ့အပြင် Super Seven Stars Industrial Development ပြခန်းမှာဆိုရင် နိုင်ငံတကာကုမ္ပဏီ ၄၂ ခုက ထုတ်လုပ်ထားတဲ့ ကုန်ပစ္စည်းအမျိုးပေါင်း ၂၁၆ မျိုး ခင်းကျင်းပြသထားတာကိုလည်း လေ့လာခဲ့ရပါတယ်။ ဒါ့အပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်နေသူတွေအတွက် အနာဂတ်နည်းပညာကဏ္ဍ တိုးတက်ဖို့ နည်းပညာမြင့်မားတဲ့ စက်ယန္တရားအမျိုးအစား ၁၄ မျိုးနဲ့ စွမ်းဆောင်ရည်တွေကို ၇၅ လက်မ တီဗွီတွေနဲ့ ပြသထားတဲ့အပြင် ဝန်ထမ်းတွေရဲ့ ရှင်းလင်းပြသမှုတွေကြောင့် MSME လုပ်ငန်း လုပ်ကိုင်သူတွေနဲ့ ဝင်ရောက်လေ့လာကြသူတွေအတွက် နည်းပညာပိုင်းဆိုင်ရာ အကျိုးကျေးဇူးတွေ ရရှိပါတယ်" ဟု ဒေါ်ကေသီခိုင်က ပြောသည်။

ထို့ပြင် ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာတိုင်းရင်းသားရိုးရာပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အထင်ကရနေရာများ၊ ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များအကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ပွဲတော်လာပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရ ဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။



အထူး ပျော်ရွှင်စရာအစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက သက်ဆိုင်ရာ ရိုးရာယဉ်ကျေးမှု အကအလှများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့် သီချင်းများ၊ ရိုးရာအကအလှများကို ပြခန်းများရှေ့၌ ဖျော်ဖြေတင်ဆက်ကြရာ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများကလည်း တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ သီဆိုကခုန်ပါဝင်ဆင်နွှဲကြသည်ကိုလည်း တွေ့ရသည်။

ထို့ပြင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)နှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့က စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာရောင်းချပေးလျက်ရှိရာ ဝယ်ယူကြသူများ များပြားလျက်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများ၌လည်း ဒေသထွက်အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ စားသောက်သူများ၊ ဝယ်ယူကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာနနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့မှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများ ပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

**မြင်တွေ့ရမည်**

ဖေဖော်ဝါရီ ၁၄ ရက်အထိ ငါးရက်တိုင်ကျင်းပမည့် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲတော်တွင် တိုင်းရင်းသားများ၏ ရိုးရာအကအလှများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်း လေ့လာမြင်တွေ့ရမည်ဖြစ်ပြီး တိုင်းရင်းသားများ၏ ရိုးရာဝတ်စားဆင်ယင်မှု၊ အစားအစာများ၊ ဝန်ကြီးဌာနများမှ ထုတ်ကုန်ပစ္စည်းများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC) ထုတ်ကုန်များနှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဖွင့်လှစ်ရောင်းချနေသည့် ကုန်ပစ္စည်းများကိုလည်း တစုတဝေးတည်း တစ်နေရာတည်းတွင် ဝယ်ယူနိုင်မည်ဖြစ်သည်။

သတင်း-သန်းမင်းအောင်၊ ကျိုင်းလော
ဓာတ်ပုံ - ဖိုးပြည့်စုံ



# မုံရွာမြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် မုံရွာမြို့ ကန်သာယာ ပြည်ထောင်စုကျွန်း၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သန်းထိုက်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မုံရွာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း စသည်တို့မှ ကျောင်းသား ကျောင်းသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံမှ သင်တန်းသား သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ပြုတပ်ခွဲတို့မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။ ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ဖတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်း အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

၂၀၂၄ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်း အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ထွန်းထွန်းဦး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကိုကိုဇော်(သတင်းစဉ်)**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ



**လွိုင်ကော် ဖေဖော်ဝါရီ ၁၂**

လွိုင်ကော်မြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ကယားပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများနှင့် တိုင်းရင်းသားတိုင်းရင်းသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အလေးပြု**

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ဖတ်ကြား**

ဆက်လက်ပြီး (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ကယားပြည်နယ်ဝန်ကြီးချုပ် ဇေယျကျော်ထင် သီရိပျံချီ ဦးဇော်မျိုးတင်ကဖတ်ကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

### သထုံ

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက သထုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သဝဏ်လွှာကို သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးက ဖတ်ကြားသည်။

**ခရိုင်(ပြန်/ဆက်)**

### မှော်ဘီ

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်နံနက် ၇ နာရီက မှော်ဟေဝန်ပန်းခြံ လွပ်လပ်ရေးကျောက်တိုင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က ဖတ်ကြားသည်။

**ဝင်းဇော်(မှော်ဘီ)**

### သာစည်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်နံနက်ပိုင်းက မြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က ဖတ်ကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

### တိုက်ကြီး

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ တင်းနစ်ကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဖတ်ကြားသည်။

**မြင့်ဦး**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ယနေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဖတ်ကြားကြသည်။

ထို့နောက် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှုစသည့် ပြခန်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့နှင့် သက်ဆိုင်သည့် ပြခန်းများနှင့် သုတ၊ ရသ၊ စာစောင်ပြခန်းများကိုလည်းကောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများကိုလည်းကောင်း တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့ပြင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာသူများအား တိုင်းရင်းသားရိုးရာ အစားအစာ စတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။ ညပိုင်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသတို့၌ ရောင်စုံမီးပန်းအလှများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပခုက္ကူတက္ကသိုလ်၌ (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် အထူးပြုဘာသာရပ်ပေါင်းစုံ ဈေးရောင်းပွဲတော် ကျင်းပစဉ်။ ဓာတ်ပုံ - ဘာမီသာ(ပခုက္ကူ)



အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပစဉ်။



မန္တလေးမြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့တွင် အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



လားရှိုးမြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့တွင် အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။




မြစ်ကြီးနားမြို့ စည်ပင်သာယာရေးဈေး(၁)၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# ပဲခူးမြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး နံနက် ၅ နာရီခွဲတွင် အလံတင်ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံကို အလံတိုင်ထိပ်သို့ လွှင့်တင်၍ အလေးပြုကြသည်။

ထို့နောက် နံနက်၇ နာရီတွင် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအား ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**







# ပုသိမ်မြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

ပုသိမ် ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲက ကျောက်တိုင်အားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက နေရာယူပြီးနောက် အလံတင်တပ်စုမှ တပ်ကြပ်ကြီးဦးဆောင်၍ နိုင်ငံတော်အလံတင်ခြင်းနှင့် အလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကို အဆိုပါကွင်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခဲ့ကာ ဂုဏ်ပြုတပ်ဖွဲ့မှ သစ္စာအဓိဋ္ဌာန် ရွတ်ဆိုခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အမြို့မြို့အနယ်နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

## ဟသ်ာတ

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ မြို့နယ်ပြည်သူ့အားကစားကွင်း၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက ဖတ်ကြားသည်။

**ခရိုင်(ပြန်/ဆက်)**

## မင်္ဂလာတောင်ညွန့်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းထွန်းက ဖတ်ကြားသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ရမည်းသင်း

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရမည်းသင်းမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက နိုင်ငံတော်အလံ အလေးပြုခြင်းအခမ်းအနားနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းက ဖတ်ကြားသည်။

**၁၄၄**



## ကျိုက်ထို

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ကျိုက်ထိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းက ဖတ်ကြားသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## ဘီးလင်း

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ဘီးလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်က ဖတ်ကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဗဟန်း

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် ကမ္ဘောဇလမ်း အမှတ်(၁) မူလတန်းကြိုကျောင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုလတ်က ဖတ်ကြားသည်။

**အောင်မြင့်(ပြန်/ဆက်)**

## တာချီလိတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက အောင်မြတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၇) နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုက ဖတ်ကြားသည်။ **ခရိုင်(ပြန်/ဆက်)**

## ရွာငံ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်၌ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက အထက(ရွာငံ) ပြဒါးလင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက ဖတ်ကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ ရာဖာတွင် မြေပြင်ထိုးစစ်ဆင်မည်ဟု နေတန်ယာဟုပြောကြား



**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၂**

ဂါဇာကမ်းမြောင် တောင်ပိုင်းရှိ ရာဖာတွင် မြေပြင်ထိုးစစ်ဆင်မည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။ ရာဖာတွင် ဟားမတ်စ်တို့၏ အမာခံစခန်းတစ်ခုတည်ရှိကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။ အစ္စရေးက ရာဖာကို ချေမှုန်းမည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ထိုသို့တိုက်ခိုက်ရာတွင် အရပ်သားများအတွက် ဘေးကင်းသောလမ်းကြောင်းတစ်ခုကို ဖန်တီးပေးမည်ဟု ၎င်းက ကတိပြုခဲ့သည်။ မြေပြင်ထိုးစစ်မစတင်မီ ရာဖာမြို့မှ အရပ်သားများကို ကယ်ထုတ်ရေး ပြင်ဆင်ထားရန် အစ္စရေးစစ်တပ်အား ၎င်းက ညွှန်ကြားခဲ့သည်။ ဂါဇာမြောက်ပိုင်းနှင့် အလယ်ပိုင်းတို့မှ ဒေသခံများ ထွက်ပြေးပြီးနောက် အဆိုပါမြို့သည် လူဦးရေတစ်သန်းကျော် နေထိုင်ရာနေရာဖြစ်လာခဲ့သည်ဟု သိရသည်။

အစ္စရေးတပ်ဖွဲ့များနှင့် ပါလက်စတိုင်းတိုက်ခိုက်ရေးသမားများကြား လွန်ခဲ့သည့်အောက်တိုဘာလက ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် ၂၈၁၇၆ ဦး သေဆုံးခဲ့ကြောင်း ဂါဇာရှိ ကျန်းမာရေးတာဝန်ရှိသူများက ပြောကြား ခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**



## ၂၀၂၃ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၄ ဘီလီယံ ကမ္ဘောဒီးယားနိုင်ငံ ဝင်ငွေရရှိ

**ဖနောင်ပင် ဖေဖော်ဝါရီ ၁၂**

ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းသည် ၂၀၂၃ ခုနှစ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၀၄ ဘီလီယံ ရရှိခဲ့ကြောင်းနှင့် ၂၀၂၂ ခုနှစ်က ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁ ဘီလီယံသာရှိခဲ့ခြင်းကြောင့် ဝင်ငွေ ၁၁၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ကမ္ဘောဒီးယားခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် ထုတ်ပြန်သည့်ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်က ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာခရီးသွား ၅ ဒသမ ၄၅ သန်း လာရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်က ၂ ဒသမ ၂၇ သန်း ဝင်ရောက်ခဲ့ခြင်းကြောင့် ခရီးသွားဝင်ရောက်မှု ၁၄၀ ရာခိုင်နှုန်း တိုးတက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံခြားသားခရီးသွား လာရောက်မှု တတိယအများဆုံးနိုင်ငံဖြစ်ခဲ့ပြီး တရုတ်နိုင်ငံသား ၅၄၇၇၉၈ ဦး လာရောက်ခဲ့ကြောင်း သိရသည်။ ၂၀၂၂ ခုနှစ်အတွင်းကမူ ကမ္ဘောဒီးယားနိုင်ငံသို့ တရုတ်နိုင်ငံသား ၁၀၆၈၇၅ ဦး လာရောက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၄ ခုနှစ်ကို ကမ္ဘောဒီးယား-တရုတ် အပြန်အလှန် ခရီးသွားလာမှုမြှင့်တင်ရေးနှစ်အဖြစ် ပြီးခဲ့သည့်လက စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## သစ်ပင်မျိုးဗီဇများ ထိရောက်စွာမျိုးပွားခြင်းအတွက် နည်းလမ်းတစ်ခုကို တီထွင်ခဲ့ဟု ပညာရှင်များပြောကြား

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၂**

သစ်ပင်မျိုးဗီဇများ ထိရောက်စွာမျိုးပွားခြင်းအတွက် နည်းလမ်းတစ်ခုကို နိုင်ငံစုံမှ ပညာရှင်များပါဝင်သည့် သုတေသနအဖွဲ့တစ်ဖွဲ့က တီထွင်ခဲ့ကြောင်း အစ္စရေးနိုင်ငံ တဲအဗ္ဗစ်တက္ကသိုလ်၏ ပြောကြားချက်ကို ကိုးကား၍ ယနေ့စီဂျီတီအင်န်သတင်းတစ်ရပ်အရ သိရသည်။

ယင်းသုတေသနပြုချက်တွင် ပင်မအကိုင်းအခက်များကို ခုတ်ထစ်ခြင်းအပါအဝင် သစ်ပင်အမြစ်ကြီးထွားမှုကို မြှင့်တင်ပေးသည့် နည်းစနစ်များနှင့် ပင်စည်ဖြတ်တောက်ခြင်းနည်းစနစ်ကို စနစ်တကျသုတေသနပြုခဲ့သည်။ ယခုမျိုးပွားနည်းသည် အပင်ဂုဏ်သတ္တိများကို တိုးပွားစေပြီး ခြောက်သွေ့မှုနှင့် အပင်ဆိုင်ရာ ရောဂါတို့ကို ခံနိုင်ရည်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ မျိုးပွားခြင်းနည်းစနစ်ဖြင့် စိုက်ပျိုးထားသည့် Eucalyptus grandis tree ဟု အမည်ရသည့် အပင်များတွင် အမြစ်ထွက်နှုန်းကို အားကောင်းစေသည့် ဓာတ်တစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ပညာရှင်များက ပြောကြားသည်။

ယခု အပင်မျိုးပွားခြင်းနည်းလမ်းသစ်သည် လယ်သမားများနှင့် စားသုံးသူများအတွက် ကုန်ကျစရိတ်ကို လျှော့ချနိုင်ပြီး သီးနှံအထွက်နှုန်းကို မြှင့်တင်ပေးကာ ရာသီဥတုဖောက်ပြန်မှုကို ခံနိုင်ရည်ရှိသောအပင်များပြုစုပျိုးထောင်ပေးနိုင်သဖြင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုကို အထောက်အကူပြုနိုင်ကြောင်း သိရသည်။

**ကိုးကား - စီဂျီတီအင်န်၊ ဘာသာပြန် - စိုးသူရ**






## ဖိလစ်ပိုင်နိုင်ငံ၌ မြေပြိုမှုကြောင့် သေဆုံးသူ ၆၈ ဦးအထိ ရှိလာ

**မနီလာ ဖေဖော်ဝါရီ ၁၂**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် မြေပြိုမှု ဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၆၈ ဦးရှိလာကြောင်းနှင့် ပျောက်ဆုံးနေသူ ၅၁ ဦးအား ကယ်ဆယ်ရေးလုပ်သားများက ရွှံ့ညွန်များနှင့် အပျက်အစီးများအတွင်း ရှာဖွေလျက်ရှိကြောင်း ဖိလစ်ပိုင်အစိုးရက ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

အဆိုပါ မြေပြိုမှုသည် ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းက ဒါဗောင်ဒီအိုရိုပြည်နယ်ရှိ မာကိုမြို့၏ တောင်တန်းထူထပ်သောနေရာများတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူအများအပြား မြေပြိုမှုဒဏ်ခံခဲ့ရကာ လူနေအိမ်အများအပြားနှင့် မော်တော်ယာဉ်များ ပျက်စီးခဲ့ကြောင်း သိရသည်။

မြေပြိုမှုကြောင့် အနည်းဆုံး ၃၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း မာကိုမြို့ သဘာဝဘေး ကြိုတင်ကာကွယ်ရေးရုံးက ပြောကြားသည်။ ကျေးရွာလေးရွာမှ အိမ်ထောင်စု ၁၃၄၇ စု သို့မဟုတ် လူဦးရေ ၅၄၃၁ ဦး မြေပြိုမှုဒဏ်ခံခဲ့ရကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ကမ္ဘာ့အန္တရာယ်ညွှန်းကိန်းအရ ဖိလစ်ပိုင်နိုင်ငံအား ကမ္ဘာပေါ်ရှိသဘာဝဘေးဖြစ်ပွားမှုအများဆုံးနိုင်ငံများ စာရင်းတွင် နံပါတ်(၁)နေရာ၌ သတ်မှတ်ထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## ဂျပန်နိုင်ငံ၌ ငလျင်ဒဏ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

**တိုကျို ဖေဖော်ဝါရီ ၁၂**

ဂျပန်နိုင်ငံ၌ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ငလျင်ဒဏ်ကြောင့် ထိခိုက်မှုအများအပြားဖြစ်ပွားခဲ့သည့် ဂျပန်နိုင်ငံ နိုတိုပင်လယ်အော်တွင် ကူညီကယ်ဆယ်ရေးလုပ်သားများက လုပ်ငန်းများ ဆောင်ရွက်နေကြပြီး ထိခိုက်မှုများပြားခဲ့သည့် ဂျပန်နိုင်ငံ ဝါဂျီမာမြို့တွင် နိုင်ငံတစ်ဝန်းမှ ထောက်ပံ့ရေးပစ္စည်း အများအပြား ရောက်ရှိလာခဲ့သည်။ အဆိုပါငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များကို အသစ်ပြန်လည်တည်ဆောက်ရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်နေကြသည်။ ငလျင်လှုပ်ခတ်မှုကြောင့် အီရှိကာဝါစီရင်စုတွင် ဒေသခံ ၂၄၁ ဦး သေဆုံးပြီး ၂၃၀၀၀ ခန့်မှာ ယာယီခိုလှုံရေးစင်တာများတွင် နေထိုင်နေရကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**



# ဆီဆိုင်မြို့ကို တပ်မတော်က လေကြောင်း၊ လက်နက်ကြီးများဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဘာသာရေးအဆောက်အအုံ ခုနစ်လုံးနှင့် ပြည်သူ့နေအိမ် ၅၀ နီးပါး ထိခိုက်ပျက်စီးဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့အတွင်းသို့ ဖေဖော်ဝါရီ ၁၀ ရက်တွင် တပ်မတော်က လေကြောင်း၊ လက်နက်ကြီးများဖြင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆီဆိုင်မြို့ ဘုရားဖြူအထက်တန်းကျောင်း အရှေ့ဘက် အောင်ချမ်းသာရပ်ကွက်အတွင်း မီးလောင်ခဲ့ပြီး အဆိုပါမီးလောင်မှုကြောင့် ဘာသာရေးအဆောက်အအုံ ခုနစ်လုံးနှင့် ပြည်သူ့နေအိမ်အလုံး ၅၀ နီးပါး ထိခိုက်ပျက်စီးခဲ့သည်ဟု မဟုတ်မမှန်သတင်းများကို ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။







အထက်ပါသတင်းနှင့်ပတ်သက်၍ တပ်မတော်က ဖေဖော်ဝါရီ ၁၀ ရက်တွင် ဆီဆိုင်မြို့တွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုမရှိသလို လေကြောင်းပျံသန်းမှုလည်း မရှိကြောင်းနှင့် ထိုနေ့တွင် PNLA၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ၎င်းတို့အတွက် လိုအပ်လျက်ရှိသော စားနပ်ရိက္ခာများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့မှုမရရှိသဖြင့် ရှမ်းပြည်နယ် ဆီဆိုင်မြို့ အောင်ချမ်းသာရပ်ကွက် ဘုရားဖြူအထက်တန်းကျောင်း၏အရှေ့ဘက်ရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီးမှုပြုလုပ်ခဲ့ကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုနှင့် သက်ဆိုင်ရာနယ်မြေလုံခြုံရေးတာဝန်ခံအရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အလားတူ မတ္တရာမြို့နယ် ဆိပ်သာရွာတွင် တပ်မတော်က ယနေ့နံနက်ပိုင်း၌ အမျိုးသား သုံးဦးကို မီးရှို့သတ်ဖြတ်ပြီး နေအိမ် ငါးလုံးကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိပြီး သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ယနေ့တွင် ဆိပ်သာရွာသို့ တပ်မတော်စစ်ကြောင်းသွားလာမှုမရှိကြောင်းနှင့် ရွာသား သုံးဦးနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာလည်း သတင်းမှားသာဖြစ်ကြောင်း သိရပြီး အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန်သတင်းများကို လုပ်ကြံရေးသား ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မုံရွာမြို့ပေါ်တွင် တပ်မတော်က လူငယ်များကို ဖမ်းဆီးနေမှုများကြောင့် မြို့ပေါ်တွင် အသွားအလာမရှိဘဲ မြို့ခြောက်ကပ်သွားဟု မဟုတ်မမှန်သတင်းများကို ဝါဒဖြန့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်တွင် တပ်မတော်က လူငယ်များကို ဦးတည်ဖမ်းဆီးမှုများ လုပ်ဆောင်နေသဖြင့် ယနေ့မြို့ပေါ်တွင် အသွားအလာမရှိဘဲ ခြောက်ကပ်နေကြောင်း၊ ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းတွင်လည်း ဖမ်းဆီးမှုများ လုပ်ဆောင်ခဲ့ရာတွင် လူငယ်တချို့အဖမ်းခံရကြောင်း၊ ထို့ပြင် ယမန်နေ့နံနက်ပိုင်း မုံရွာ- မန္တလေး လမ်းပေါ်တွင် လူငယ် ၄၀ ကျော်ထက်မနည်းကို တပ်မတော်က ဖမ်းဆီးသွားခဲ့ပြီး ပေါ်တာဆွဲသည်ဟု ပြောဆိုခဲ့သဖြင့် ပြည်သူများ စိုးရိမ်ထိတ်လန့်နေကြသည်ဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




မုံရွာမြို့ပေါ်တွင် ပုံမှန်သွားလာနေထိုင်မှုများ ရှိပြီး တပ်မတော်က ဖမ်းဆီးခြင်းများ လုပ်ဆောင်နေသည်မှာ သတင်းမှားသာဖြစ်ပါသည်။ နိုင်ငံတော်က ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်သည့်အမိန့်ထုတ်ပြန်ပြီးနောက် အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက ပြည်သူလူထုကို ကြောက်လန့်အောင် ခြိမ်းခြောက်ခြင်း၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပျက်ပြားအောင် နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကော့မှူးမြို့နယ်၌ မြို့နယ်သမဝါယမအသင်းစု လီမိတက်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်

**ကော့မှူး ဖေဖော်ဝါရီ ၁၂**

ကော့မှူးမြို့နယ် ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် တောင်ပိုင်းရပ်ကွက် မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် သဘာပတိ ကော့မှူးမြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးမြင့်ဇော်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ဝန်ကြီးဌာန၏လုပ်ငန်းစဉ်များ၊ တိုင်းသမဝါယမ ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ အခြေခံအသင်းများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ရှင်းလင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ ဘဏ္ဍာရေးရှင်းတမ်းများကို မြို့နယ်အသင်းစုအုပ်ချုပ်မှုဒါရိုက်တာက ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူခဲ့ပြီး ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ရာတွင် ဒါရိုက်တာအဖွဲ့ဝင် ခုနစ်ဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့ကို ရန်ကုန်တိုင်းဒေသကြီး အဆင့်ဖွဲ့စည်းရေးကော်မတီက အတည်ပြုရွေးချယ်ခဲ့ကြောင်း သိရသည်။

ကျော်သူရ(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Joseph John" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ ကျော်ရှိန်မောင်အား နံနက် ၃ နာရီ ၂၅ မိနစ်တွင် သုဝဏ္ဏနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဘားအံမြို့နယ်၌ အခြေခံသမဝါယမ အသင်းများသို့ ကွင်းဆင်းဆောင်ရွက်

**ဘားအံ ဖေဖော်ဝါရီ ၁၂**

ကရင်ပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်သည် ပြည်နယ်/မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ဘားအံမြို့နယ် ဘားကပ်ကျေးရွာရှိ ချိုလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းပိုင် အဆောက်အအုံ၌ အသင်းအမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံ၍ အသင်းကကိုယ်တိုင်ဆောင်ရွက်မည့် အခြေခံစားကုန်နှင့် သွင်းအားစုများ ဖြန့်ဖြူးရောင်းချရေး၊ သမဝါယမကျင့်ဝတ်၊ အနှစ်သာရတို့နှင့်အညီ ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ဘားအံမြို့နယ် ဒူရိန်ကျေးရွာရှိ ဘဝအောင်မြင်မှုစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းမှ လူမှုစီးပွားမြှင့်တင်ရေး ရှေ့ပြေးစီမံကိန်းအဖြစ် နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသော အသင်းသား ၁၀ ဦး၏ နွားမွေးမြူထားရှိမှုကို ကြည့်ရှုအားပေး၍ စံပြနွားမွေးမြူရေးအဖြစ် ဆောင်ရွက်နိုင်ရေး၊ ဘဝတူအသင်းသားများကို လက်တွဲခေါ်ယူ၍ အသင်းအောင်မြင်အောင် ဆောင်ရွက်နိုင်ရေး၊ လူမှုစီးပွားမြှင့်တင်ရေးအတွက် သမဝါယမဦးစီးဌာနနှင့် ဆက်စပ်ဦးစီးဌာနများက ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# မြို့နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များ ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန် တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် မြို့နယ် မြို့နယ်ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ အလုပ်အမှု ဆောင်များအား ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) နံနက် ၁၀ နာရီက မင်္ဂလာ တောင်ညွန့်မြို့နယ် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ကျင်းပ သည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဘာသာ ပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ အလုပ်အမှု ဆောင်များအား ခန့်အပ်လွှာ ပေးအပ်ခဲ့သည်။

**ပြောကြား**

ယင်းနောက် မြို့နယ် ဘာသာ ပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်အေးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**
**(မင်္ဂလာတောင်ညွန့်)**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် တွင် အမှတ်(၆) ရပ်ကွက် ကျန်စစ်သား အိမ်ရာအတွင်း စိန်ပန်းလမ်းရှိ ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံးသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်တွင် အဆိုပါရုံးသစ်ရှေ့၌ ကျင်းပသည်။



**ဖွင့်လှစ်**

ယင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးသစ်သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ ခွင့်ပြုငွေကျပ် သိန်း ၂၅၀ နှင့် ပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၁၇၀ စုစုပေါင်းငွေကျပ် သိန်း ၄၂၀ ဖြင့် ဆောက်လုပ်ခဲ့သော အလျား ပေ ၆၀ x အနံပေ ၃၀ Steel Structure အုတ်ကာ၊ သွပ်မိုး၊ ကြွေပြား ခင်း တစ်ထပ်အဆောက်အအုံ ရုံးသစ်ဖြစ်ပြီး မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်မင်းကို၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြည်သာ ဇော်၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ် လဝကဦးစီးမှူး ဦးသန့်ဇင် တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



ဆယ်အိမ်တန်းကမ်းခြေ၌ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားနေသည်ကို ရုံးပိတ်ရက်ကာလဖြစ်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ ညနေပိုင်းက တွေ့ရစဉ်။

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ဆယ်အိမ်တန်းကမ်းခြေ၌ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကား

**ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ဆယ်အိမ်တန်း ကမ်းခြေ၌ ရုံးပိတ်ရက်ဖြစ်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့(ဖေဖော်ဝါရီ ၁၂ ရက်)တွင် အနယ် နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူကြ သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

"ကမ်းခြေမှာ ကလေးတွေက အငှားမြင်းကို ငှားရမ်းစီးနင်းပြီး လည်ပတ်ဆော့ကစားခဲ့ကြသလို ရေထဲမှာ ဘောကွင်းနဲ့ ပျော်ရွှင်ကြည်နူးစွာ ဆော့ကစား ကြပါတယ်။ ရုံးပိတ်ရက်ကာလဖြစ်တဲ့ စနေ၊ တနင်္ဂနွေထက် ဒီနေ့(ပြည်ထောင်စုနေ့)ပိတ်ရက်မှာ လူပိုမိုစည်ကားပြီး နံနက်ပိုင်းမှ ညနေပိုင်းအထိ လာရောက်အပန်းဖြေအနားယူကြသူတွေနဲ့ ပိုမို စည်ကားများပြားခဲ့ပါတယ်"ဟု ဆယ်အိမ်တန်း ကမ်းခြေ၌ စားသောက်ဆိုင်ဖွင့်လှစ်ထားသော ကွမ်းခြံကုန်းမြို့မှ ဒေသခံတစ်ဦးက ပြောပြသည်။

ရန်ကုန်မြို့နှင့် အနီးစပ်ဆုံးနေရာတွင် တည်ရှိ သည့် ကမ်းခြေဖြစ်သောကြောင့် ရန်ကုန်မြို့နှင့်အနီး ဝန်းကျင်ဒေသများမှ လာရောက်အပန်းဖြေကြသူ ပိုမိုများပြားလာခဲ့သော ဆယ်အိမ်တန်းကမ်းခြေ၌ စားသောက်ဆိုင်ခန်းပေါင်း ၃၀ ကျော်ကိုပါ ဖွင့်လှစ် ထားရာ နာမည်ကြီးငါးသလောက်အိုးမှောက်နှင့် ကဏန်း၊ ပုစွန်အစားအစာများမှာ လာရောက် အပန်းဖြေလည်ပတ်ကြသည့် ဧည့်သည်များအတွက် အကြိုက်ဖြစ်စေသောကြောင့် နှစ်ခြိုက်စွာစားသုံး တတ်ကြကြောင်းလည်း သိရသည်။

**နေဝင်ချိန်တွင် လွန်စွာလှပ**

၂၀၁၇ ခုနှစ်နှစ်ဆန်းပိုင်းမှစတင်၍ လူသိပိုမို များပြားလာခဲ့သော ဆယ်အိမ်တန်းကမ်းခြေသည် ညနေနေဝင်ချိန်တွင် လွန်စွာလှပလျက်ရှိပြီး ပန်းချီ ကားတစ်ချပ်သဖွယ် ဖြစ်နေသောကြောင့် ရေကူး ကြသူများနှင့် လာရောက်အပန်းဖြေကြသူများမှာ ညနေနေဝင်ဆည်းဆာအလှကို စောင့်ဆိုင်း၍ အမှတ်တရဓာတ်ပုံများ ရိုက်ကူးတတ်ကြပြီး ကမ်းခြေအနီးရှိ ရေသူထီး၊ ရေသူမတို့နှင့်လည်း အမှတ်တရဓာတ်ပုံများ ရိုက်ကူးတတ်ကြကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**

**❒ အိမ်ရှင် အိုင်ဗရီကို့စ်အသင်းမှ**

နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အိုင်ဗရီကို့စ်အသင်းဟာ အုပ်စုအဆင့်ကနေ ထွက်ရလိမ့်မယ်ဆိုတဲ့ စိုးရိမ်စိတ်နဲ့ နည်းပြကို ထုတ်ပယ်ခဲ့ပြီးနောက် ရှုံးထွက်အဆင့်ကို တက်လာချိန်မှာတော့ အီမာဆီဖေးကို ယာယီနည်းပြအဖြစ်နဲ့ တာဝန်ယူ ကိုင်တွယ်စေခဲ့ပြီး ယာယီနည်းပြနဲ့ အာဖရိကနိုင်ငံများဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

အိုင်ဗရီကို့စ်အသင်းဟာ အာဖရိကနိုင်ငံများဖလားကို ၁၉၉၂ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်တို့မှာ နှစ်ကြိမ်ဆွတ်ခူးထားပြီး ယခုတစ်ကြိမ် ထပ်မံ ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် ၂၀၀၆ ခုနှစ်က အီဂျစ်အသင်းက အိမ်ရှင်အဖြစ် အာဖရိကနိုင်ငံများဖလားကို ရယူခဲ့ပြီးနောက်ပိုင်း အိုင်ဗရီကို့စ်အသင်းဟာလည်း အီဂျစ်နိုင်ငံပြီးလျှင် အိမ်ရှင်အနေနဲ့ အာဖရိကနိုင်ငံများဖလားကို ပထမဆုံးဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အိုင်ဗရီကို့စ်အသင်းအနေနဲ့ အာဖရိကနိုင်ငံများ ဖလားကို ဆွတ်ခူးနိုင်ခဲ့တဲ့ ၁၂ သင်းမြောက် အာဖရိကနိုင်ငံအသင်း အဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ် နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၇၃၀ | ၂၇၅၅ | ၂၇၄၀ | ၂၇၁၅ | ၂၈၁၅ | ၂၈၃၀ | ၂၇၂၀ | ၂၇၃၀ | ၂၇၇၀ | ၂၇၇၀ | ၂၇၇၀ | ၃၀၀၀ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၅၅ | ၂၈၅၀ | ၂၈၁၅ | ၂၈၅၀ | ၂၈၇၅ | ၂၈၆၀ | ၂၈၄၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၄၅ | ၂၈၆၀ | ၂၈၉၀ | ၂၈၉၀ | ၂၈၉၅ | ၃၁၂၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၂၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၀ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၀ | ၂၈၄၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၅၇၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၂၀ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၇၂၅ | ၂၇၂၀ | ၂၆၁၀ | ၂၆၂၅ | ၂၆၅၅ | ၂၆၆၀ | ၂၆၆၀ | ၂၈၉၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၁၅ | ၂၇၃၅ | ၂၇၃၀ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၉၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၉ | ၂၆၄၄ |
| 95 Ron | ၂၆၇၇ | ၂၇၆၄ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၈၂ |
| HSD (50 ppm) | ၂၄၅၁ | ၂၅၃၀ |
| HSD (10 ppm) | ၂၄၆၄ | ၂၅၄၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မော်လမြိုင်မြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နိုင်ငံတော်အလံတင်ခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၁၂**

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နိုင်ငံတော်အလံတင်ခြင်းနှင့် အလေးပြုခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ မောရဝတီ ပန်းခြံ တွင် ကျင်းပခဲ့ရာ နိုင်ငံတော်အလံတင်အဖွဲ့နှင့် စစ်ခရာ အဖွဲ့က ကွင်းအတွင်းနေရာယူ၍ နိုင်ငံတော်အလံ အားလွှင့်ထူခဲ့ပြီး နိုင်ငံတော်အလံအား အလေးပြုခြင်း နှင့်ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများအား အလေးပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။



**တက်ရောက်**

ထို့နောက် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို နံနက် ၇ နာရီတွင် ဆက်လက်ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့်ဇနီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက် ခဲ့သည်။

အခမ်းအနားတွင် အရှေ့တောင်တိုင်းစစ် ဌာနချုပ် ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတို့က ကွင်း အတွင်းသို့ ချီတက်နေရာယူခဲ့ကြပြီး အရှေ့တောင် တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ခွဲက ပြည်နယ် ဝန်ကြီးချုပ်အား အလေးပြုခြင်း၊ နိုင်ငံတော်အလံ အား အလေးပြုခြင်းနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူး ကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ပြည်နယ်ဝန်ကြီးချုပ် က ဖတ်ကြားသည်။

**အခမဲ့ဖြန့်ဝေ**

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)ကထုတ်ဝေသည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် “သတင်းစကား” လက်ကမ်းစာစောင်များကို ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက အခမဲ့ ဖြန့်ဝေပေး ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ကလောမြို့၌ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာအား ကလောခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က ဖတ်ကြားစဉ်။ သတင်းစဉ်

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ဟိုပုံးမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

**ဟိုပုံး ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ် ( တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့နယ်၌ (၇၇)နှစ် မြောက် ပြည်ထောင်စုနေ့ အလံ တင်အခမ်းအနားနှင့် သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲက ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးရှိ စစ်ရေးပြကွင်းတွင် ကျင်းပခဲ့ သည်။



အခမ်းအနားတွင် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲ ထွေးက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုး သီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့လာသည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ဖတ်ကြားခဲ့သည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ် ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ထူးမောင်နှင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယ ဗိုလ်မှူးကြီး ညီညီတင်တို့က စစ်ရေးပြ ဂုဏ်ပြုတပ်ခွဲနှင့် ဘင်ခရာအဖွဲ့တို့ကို ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲ ထွေးနှင့် အဖွဲ့ဝင်များ၊ ဟိုပုံးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့် ထွန်းနှင့် အဖွဲ့ဝင်များ၊ ဆီဆိုင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့၊ ကျောင်းသား ကျောင်းသူ များ၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု အဖွဲ့၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှု အဖွဲ့၊ လီဆူစာပေနှင့် ယဉ်ကျေးမှု အဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# အမြို့မြို့အနယ်နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

**စဉ့်ကူး ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၌ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲအခမ်း အနားကို ယနေ့နံနက်ပိုင်းက အပိုင်းနှစ်ပိုင်းခွဲ၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့ သော (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား စဉ့်ကူး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်က ဖတ်ကြား ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

**ကျိုက်မရော ဖေဖော်ဝါရီ ၁၂**

မွန်ပြည်နယ် ကျိုက်မရော မြို့နယ်၌ ၂၀၂၅ ခုနှစ်(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျိုက်မရောမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့ သော၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးဦးက ဖတ်ကြားခဲ့သည်။

**မိချို(ကျိုက်မရော)**

**မြဝတီ ဖေဖော်ဝါရီ ၁၂**

ကရင်ပြည်နယ် မြဝတီမြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းကို ယနေ့နံနက် ၇ နာရီက အမှတ်(၄)ရပ်ကွက် မြစန္ဒီပန်းခြံ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်း အခမ်းအနား စတင်ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြဝတီ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေး ဦးကောင်းစံလင်း က ဖတ်ကြားပေးခဲ့သည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

**သံဖြူဇရပ် ဖေဖော်ဝါရီ ၁၂**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ယနေ့နံနက် ၇ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန် ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စု နေ့ သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မိုးလွင် က ဖတ်ကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



**ညောင်လေးပင် ဖေဖော်ဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းနိုင်က ဖတ်ကြားခဲ့ သည်။

**မြို့နယ် ( ပြန်/ဆက်)**

# ပညာရှင်များ၏ သုတေသနစွမ်းပကား

## ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

ပညာရေးဝန်ကြီးဌာနရဲ့ (၂၃) ကြိမ်မြောက် သုတေသနညီလာခံကို ဝါရင့်ပညာရှင် မျိုးဆက်သုံးဆက်မက ပါဝင်ကြပြီး ပြည်တွင်းသုတေသီတွေရဲ့ စွမ်းပကားနဲ့ မိမိတိုင်းပြည်ရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ အမျိုးသားအဆင့် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံကို ပညာရေးဝန်ကြီးဌာနရဲ့ ကမကထဦးစီးဦးရွက်မှုနဲ့ Naypyitaw State Academy မှာ ဇန်နဝါရီလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ သိုက်သိုက်ဝန်းဝန်း ကျင်းပခဲ့ပါတယ်။





ပညာရေးဝန်ကြီးဌာန ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံမှာ သုတေသနစာတမ်းတွေဟာ ဝိဇ္ဇာပညာရပ်ဖြစ်စေ၊ သိပ္ပံနဲ့ လူမှုရေးသိပ္ပံပညာရပ်ဖြစ်စေ၊ မြန်မာ့လူ့အသိုက်အဝန်း၊ မြန်မာ့ရေမြေအလှအပယဉ်ကျေးမှုနဲ့ မဝေးကွာရေး၊ မြေထု ရေထု လေထု အရင်းအမြစ်တွေကို ရေရှည်တည်တံ့သုံးစွဲနိုင်ရေး၊ လူမှုရေးဘဝ သာယာဝပြောရေး၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှု၊ ရေရှည်အကျိုးအတွက် လမ်းစအသစ်အဆန်းတွေကို ဖော်ထုတ်နိုင်ဖို့ဖြစ်ပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ ရေရှည်ဖွံ့ဖြိုးတိုးတက်စေမယ့် (17 Sustainable Development Goals) ပန်းတိုင်ကိုရောက်ဖို့ ကြိုးပမ်းနေတဲ့ကာလတစ်ခုထဲကို ရောက်နေပါတယ်။

ပညာရေး ပြုပြင်ပြောင်းလဲမှုတွေကို လွန်ခဲ့တဲ့နှစ် ၂၀၊ နှစ် ၃၀ က အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ပါတယ်။ အရည်အချင်းပြည့်ဝတဲ့ ပညာရေးကို ဖန်တီးနိုင်ခဲ့ပါတယ်။ ပညာရည်မြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်ရဲ့ ရေရှည်အကျိုးစီးပွားအတွက် ဘက်ပေါင်းစုံက အားထုတ်နေကြပါတယ်။ ပညာရေးဟာ အခြေခံပဲဖြစ်ဖြစ်၊ အဆင့်မြင့်ကဏ္ဍမှာပဲဖြစ်ဖြစ် တစ်မျိုးသားလုံးအတွက် ရည်မှန်းတာဖြစ်ပါတယ်။ ပညာရေးဟာ အလွန်ရှည်လျားကျယ်ဝန်းတဲ့ လုပ်ငန်းကြီးဖြစ်နေခြင်း၊ ပညာခေတ်လို့ ပြောရတဲ့အထိ အလွန်တန်ဖိုးကြီးတဲ့ ရေနဉ္စရာရတနာပဲလို့ တင်စားလာရပါတယ်။ ဒါကြောင့် တစ်မျိုးသားလုံး အကျုံးဝင်ပြီးတော့ အားထုတ်လုပ်ရတဲ့ လုပ်ငန်းကြီးဖြစ်လာပါတယ်။ ပညာရေးကိစ္စဟာ ပညာရေးဝန်ထမ်းတွေနဲ့ချည်း မရနိုင်ဘဲ ပြည်သူလူထုကြီးတစ်ရပ်လုံးရဲ့ အရေးကိစ္စဖြစ်ပါတယ်။ ပညာရေးနဲ့ လူ့အဖွဲ့အစည်းဟာ အခက်အခဲကြားက လက်ချင်းချိတ်ပြီး အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

လူဦးရေကြီးထွားလာမှု၊ တည်ငြိမ်အေးချမ်းမှု၊ ကျေးလက်လူထုမွဲတေမှုနဲ့ မြို့ပြကြီးထွားလာမှု၊ ရေ မြေ မီး အလေအလွင့်များတဲ့ သုံးဖြုန်းမှုအလေ့အထတို့ဟာ သက်ရှိတို့အတွက် အထောက်အပံ့ပေးနေတဲ့ဂေဟစနစ်ကို ဖိအားပေးခြိမ်းခြောက်လျက်ရှိတာမို့ ရေရှည်တည်တံ့ဖွံ့ဖြိုးဖို့ လူမှုရေးဘဝ သာယာဝပြောဖို့ဆိုတာ ခက်ခဲလာပါတယ်။

❖ သုတေသနနဲ့ တီထွင်ဆန်းသစ်မှုနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ "Research and Innovation for Achieving Sustainable Development Goals" ကို ရောက်ရှိရေးဟာ ညီလာခံရဲ့ ပင်မဦးတည်ချက်ဖြစ်လာပါတယ်။

> **ယနေ့သုတေသီတို့ရဲ့ သုတေသနပြုမှုလုပ်ငန်းတွေဟာ တက္ကသိုလ်နယ်ပယ်အတွင်း ကိန်းအောင်းနေတဲ့အခြေအနေမှ အရေးကြီးတဲ့နေရာကို ရောက်လာပါတယ်။ ဒီခေတ်ပညာရေးဟာ ကမ္ဘာအရပ်ရပ်က တွေ့ရှိချက်တွေကို သင်ရုံသက်သက်မဟုတ်၊ တစ်ကမ္ဘာလုံး creative နဲ့ innovative ဘက်ကို ရွေ့လျားနေတဲ့ပညာရေးစနစ်ကြီးဖြစ်လာပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင်တွေရဲ့အခန်းကဏ္ဍဟာ ဘယ်အခါမဆို ကမ္ဘာတစ်ဝန်းမှာ ဖြစ်ပေါ်ပြောင်းလဲနေတာတွေကို လိုက်ပါပြီးတော့ ဆောင်ရွက်ရတဲ့သဘောကို တွေ့ရပါတယ်။ ဒီခေတ်ပညာရေးဟာ သင်ကြားရေးနဲ့ သုတေသန၊ ထို့မှတစ်ဆင့် ဖန်တီးမှုနဲ့ အသစ်အသစ်ပြောင်းလဲတီထွင်ဖန်တီးမှုဘက်သို့ ရွေ့လျားနေ**

### စိုက်ပျိုးရေးနိုင်ငံများ

ဂျီအမ်အက်စ် – GMS (Greater Mekong Subregions) ဆိုတဲ့ ကမ္ဘောဒီယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်ဂွန်ဇီနဲ့ ယူနန်တို့ ဦးတည်ရမယ့် ကဏ္ဍတွေကတော့–

❖ စိုက်ပျိုးရေး သစ်တော၊ သားငါး၊ ဇီဝမျိုးကွဲတို့ ကာကွယ်ထိန်းသိမ်းရေး (Biodiversity)၊

❖ ရာသီဥတုပြောင်းလဲမှု၊

❖ စွမ်းအင်ပတ်ဝန်းကျင် မြေမျက်နှာသွင်မြေသယံဇာတ၊

❖ ခရီးသွားလုပ်ငန်း သယ်ယူပို့ဆောင်ရေး မြို့ပြ၊ ကျေးလက် (Urban, rural Development) ဖွံ့ဖြိုးဖို့ဖြစ်ပါတယ်။

ယနေ့မြန်မာနိုင်ငံဟာ စိုက်ပျိုးနိုင်တဲ့ မြေဧက၊ သစ်တောနဲ့ သယံဇာတ ကြွယ်ဝလျက်ရှိနေပါတယ်။ ရောဝတီ၊ စစ်တောင်းမြစ်ကြီးတွေနဲ့ မြစ်ချောင်းတွေကို အကြောင်းပြုရင် ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေဧကများစွာရှိနေပါတယ်။ လူဦးရေ သန်း ၅၀ ကျော် (၇၀ ရာခိုင်နှုန်း) သော လူထုဟာ ကျေးလက်ဒေသမှာ စိုက်ပျိုး / မွေးမြူရေးကို အခြေပြုသူတွေ ဖြစ်ပါတယ်။ နိုင်ငံအင်အားတောင့်တင်းဖို့၊ အလယ်အလတ်တန်းစားဝင်ငွေထက် မြင့်တဲ့ နိုင်ငံဖြစ်ဖို့ မြန်မာ့လယ်သမားအင်အားစု လူ့စွမ်းအားအရင်းအမြစ်ကို အဖိုးတန်သထက်တန်အောင် အထူးစဉ်းစားကြရပါလိမ့်မယ်။ လယ်ယာကိုင်းကျွန်း ရေမြေတောတောင်တွေရဲ့ အခြေအနေ၊ သဘာဝဘေးအန္တရာယ်နဲ့ ရာသီဥတုပြောင်းလဲတဲ့ဒဏ် စသည်တို့ကို မျက်ခြည်မပြတ်လေ့လာတဲ့ သုတေသနတွေကို အားထားပါတယ်။ "ဖွံ့ဖြိုးပြီး နိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ အငယ်စားနှင့် အလတ်စား (SME) စီးပွားရေးနဲ့ Micro, Small and Medium Enterprise လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်တဲ့အတွက်

❖ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုရှေးရှုတဲ့ သုတေသနနဲ့ တီထွင်ဆန်းသစ်မှု (Research and Innovation engaging more on Rural Development)၊

❖ တန်ဖိုးမြင့် စိုက်ပျိုးကောက်ပဲသီးနှံ ထုတ်လုပ်တဲ့ အလတ်စားလုပ်ငန်းများ အဆင့်မြှင့်တင်ရေး (Promoting value added Agri-based medium enterprises)၊

❖ လူအများစုကို အကျိုးပြုစေမယ့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးအောင် တာစူတဲ့လုပ်ငန်းတွေ ကြီးထွားလာဖို့ အစိုးရနဲ့ ပုဂ္ဂလိက လက်တွဲဆောင်ရွက်ရေး (Public-private partnership to alleviate poverty) ဆိုသော ဆင့်ပွားဦးတည်ချက်များ ဖြစ်လာပါတယ်။

### သုတေသီပညာရှင်တွေရဲ့စွမ်းပကား

ယနေ့သုတေသီတို့ရဲ့ သုတေသနပြုမှုလုပ်ငန်းတွေဟာ တက္ကသိုလ်နယ်ပယ်အတွင်း ကိန်းအောင်းနေတဲ့ အခြေအနေမှ အရေးကြီးတဲ့နေရာကို ရောက်လာပါတယ်။ ဒီခေတ်ပညာရေးဟာ ကမ္ဘာအရပ်ရပ်က တွေ့ရှိချက်တွေကို သင်ရုံသက်သက်မဟုတ်၊ တစ်ကမ္ဘာလုံး creative နဲ့ innovative ဘက်ကို ရွေ့လျားနေတဲ့ပညာရေးစနစ်ကြီးဖြစ်လာပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင်တွေရဲ့ အခန်းကဏ္ဍဟာ ဘယ်အခါမဆို ကမ္ဘာတစ်ဝန်းမှာ ဖြစ်ပေါ်ပြောင်းလဲနေတာတွေကို လိုက်ပါပြီးတော့ ဆောင်ရွက်ရတဲ့ သဘောကို တွေ့ရပါတယ်။ ဒီခေတ်ပညာရေးဟာ သင်ကြားရေးနဲ့ သုတေသန၊ ထို့မှ တစ်ဆင့် ဖန်တီးမှုနဲ့ အသစ်အသစ်ပြောင်းလဲ တီထွင်ဖန်တီးမှုဘက်သို့ ရွေ့လျားနေတာကြောင့် တက္ကသိုလ်ကြီးတွေရဲ့ သင်ကြားမှုနဲ့ သုတေသနနဲ့ ပညာရေးစနစ်ကြီးဟာလည်း ဖွံ့ဖြိုးမှုရှိအောင်၊ ရှင်သန်မှုရှိအောင် အားထုတ်ရတဲ့ကာလကြီးဖြစ်ပါတယ်။

အသိပညာ၊ အတတ်ပညာတွေရဲ့ စွမ်းပကားဟာ အမှန်တကယ်ပဲ ခရီးတွင်လာကြောင်း၊ ဒီခေတ်ရဲ့ လူမှုစီးပွားဘဝ၊ လူနေမှုစရိုက်လက္ခဏာတွေဟာလည်း လျင်မြန်စွာပြောင်းလဲလာကြောင်း၊ ဒီလိုပြောင်းလဲမှုအတွက် လိုအပ်ချက်တွေကို ကြိုတင်ဖြည့်ဆည်းနိုင်ဖို့ မျိုးဆက်သစ်တွေကို အသိအမြင် ပညာအမြော်အမြင်တွေ တပ်ဆင်ပေးလိုက်ရလိမ့်မယ်။

ဒီလိုအသိပညာတွေကို ပေးတဲ့အခါ အခြားသူတွေ ရှာဖွေတွေ့ရှိထားတဲ့ သုတေသနရလဒ်တွေအပြင် ရလဒ်တွေကို အသုံးပြုနိုင်ဖို့ ဆန်းသစ်တီထွင်မှုတွေ ဖြစ်လာဖို့အထိ စဉ်းစားမြော်တွေးပြီးလက်ဆင့်ကမ်းပေးလိုက်ကြဖို့ ဖြစ်ပါတယ်။ စက်မှုကုန်ကြမ်းသယံဇာတများ စိုက်ပျိုးရေးနဲ့ မွေးမြူရေးက အမည်စုံ သယံဇာတတွေဟာ နည်းပညာကြောင့်၊ တီထွင် ဆန်းသစ်နိုင်မှုတွေကြောင့် တန်ဖိုးတွေဟာ မြင့်လာတာ (Value added) ဖြစ်ပါတယ်။

### သုတေသနဆိုတာ

❖ သုတေသနဆိုတာ ဘာသာရပ်တစ်ခုကို အသေးစိတ်လေ့လာမှုဖြစ်တယ်။ အထူးသဖြင့် သုတအသစ်၊ သတင်းအချက်အလက်အသစ်၊ အသိအမြင်အသစ်တို့ကို ရှာဖွေခြင်းဖြစ်တယ်။ (Cambridge Advanced Learner's Dictionary, 2023)

❖ သုတေသနဆိုတာ ဘာသာရပ်အချို့သို့မဟုတ် လေ့လာမှုနယ်ပယ်အချို့ကို သတင်းအချက်အလက်အသစ်တွေ၊ ဗဟုသုတအသစ်တွေကို

**စာမျက်နှာ ၁၉ သို့** ✪



❂ စာမျက်နှာ ၁၈ မှ

ရှာဖွေဖို့နဲ့ လက်တွေ့အသုံးချဖို့ ရည်ရွယ်ချက်နဲ့ အသေးစိတ် ဂရုတစိုက်စူးစမ်းရှာဖွေခြင်းဖြစ်တယ်။ (Chamber's 21st Century Dictionary, 1996)

❖ သုတေသနဆိုတာ ဘာသာရပ်တစ်ခု အထူးသဖြင့် သတင်းအချက်အလက်နဲ့ သုတအသစ်တွေ ရှာဖွေတွေ့ရှိဖို့ ရည်ရွယ်ချက်နဲ့ ဂရုတစိုက်လေ့လာခြင်းဖြစ်တယ်။ (Oxford Advanced Learner's Dictionary, 2005) ဘယ်သုတေသနလုပ်ငန်းမှာမဆို ထိုက်ထိုက်တန်တန်ဖြစ်တယ်လို့ အသိအမှတ်ပြုခြင်းနဲ့ လက်ခံခြင်းပြုဖို့ အချက်နှစ်ချက်လိုပါသည်။ အဲဒါတွေက

- ဓမ္မဓိဋ္ဌာန်ကျတဲ့ ချဉ်းကပ်မှုဖြစ်ဖို့၊
- သိပ္ပံနည်းကျလေ့လာမှုရဲ့ အကျိုးဆက်အဖြစ် လက်ခံနိုင်မှုရှိဖို့တို့ ဖြစ်ပါတယ်။

ဓမ္မဓိဋ္ဌာန်ကျမှုဆိုတာ အကြောင်းအရာတွေကို အရှိကိုအရှိအတိုင်းလေ့လာအားထုတ်ခြင်းကို ဆိုလိုတယ်။ အများကကြိုတင်မှန်းဆထားခဲ့ပြီးဖြစ်တဲ့ အမြင်တွေကို ယူသုံးပြီးရင် သဘောတူလက်ခံမှုရအောင် အတုအယောင်ပြုလုပ်ခြင်းကင်းရှင်းရမယ်။ လက်ခံနိုင်ဖွယ်ရှိခြင်းဆိုတာ လေ့လာမှုနဲ့ လက်တွေ့စမ်းသပ်လေ့လာမှုတွေကို ပြန်လည်ဖော်ထုတ်နိုင်မှုအဆင့်နဲ့ ဆုံးဖြတ်ပါတယ်။ ("Scientific Method" Microsoft Corporation, 2008) ဘယ်သုတေသနမှာမဆို သတင်းအချက်အလက်နဲ့ သုတအသစ်များ ရှာဖွေဖော်ထုတ်မှုအမြင်များပါဝင်ပြီး ဓမ္မဓိဋ္ဌာန်ကျကျနဲ့ လက်ခံနိုင်ဖွယ်ရှိစေဖို့ ဂရုတစိုက်အသေးစိတ်စေ့စပ်သေချာတဲ့ လေ့လာမှုဖြစ်ရပါမယ်။



## သင်ကြားမှုနဲ့ သုတေသန

ပညာရေးတစ်ခုလုံးကို လွှမ်းမိုးနေတာက သင်ကြားမှုနဲ့ သုတေသနပါပဲ၊ ဒီကိစ္စနှစ်ခုကိုပဲ ချင့်ချိန်ပြီး အလေးသာရမယ့်ဘက်ရှိရင် ပိုအားထည့်ရပါမယ်၊ မြန်မာ့တက္ကသိုလ်တွေအတွက် သင်ကြားမှုထက်သုတေသနကို ပိုဖေါင်းပေးရလိမ့်မယ်၊ ဘာကြောင့်လဲဆိုရင် သုတေသနရလဒ်မှသည် ဖွံ့ဖြိုးနိုင်လို့ပဲ။ တီထွင်ဆန်းသစ်နိုင်တဲ့ ပန်းတိုင်ဆီသို့ တက်လှမ်းနိုင်လို့ပဲဖြစ်ပါတယ်။

မြေပေါ်မြေအောက်၊ တောင်ပေါ်တောင်အောက်မှာ တေးသံသာနဲ့ အကအလှ နားလည်ခြင်းကစလို့ ကြွယ်ဝမှုအစုစုကို သုတေသနပြုလုပ်ခြင်းဟာ ဓနဥစ္စာရှာဖွေခြင်းလည်း ဖြစ်နိုင်တယ်၊ မြန်မာနိုင်ငံသားအားလုံးကို အကျိုးပြုနိုင်တဲ့ တွေ့ရှိချက်တွေဖြစ်နိုင်တယ်။ ကိုယ်နဲ့ အနီးစပ်ဆုံးဒေသရဲ့သဘာဝ၊ ပထဝီ တေဇော အာပေါ ဝါရောတို့ကို ကိုယ်တိုင်နားလည်ခြင်းဟာ အရည်အချင်းတစ်ခု ဖြစ်လာပါလိမ့်မယ်။ နားလည်ခြင်းမှ အသုံးချရာ၏ ဆိုသလို မျိုးဆက်သစ်တွေကို သင်ကြားပြသ၊ သုတေသနပြုပြီး ပုဂ္ဂလိကကို လွှဲပြောင်းနိုင်ပြီဆိုရင် မြန်မာ့လူ့အဖွဲ့အစည်းဟာ သူရသင့်တဲ့ လူမှုစီးပွားဖွံ့ဖြိုးနိုင်မယ့် ဓနဥစ္စာကို ရသွားမှာဖြစ်ပါတယ်။ အဲဒီအထဲမှာ တည်ငြိမ်အေးချမ်းမှုဆိုတဲ့ လူမှုရေးသိပ္ပံအမြင်ဆိုတဲ့ ဓနဥစ္စာလည်း ပါဝင်သွားနိုင်ပါတယ်။

## အကောင်းဆုံးသုတေသနစာတမ်းတွေနဲ့ အကောင်းဆုံးပါရဂူကျမ်းတွေ

တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခများ၊ သုတေသနစာတမ်းရှင်များ စုစုစည်းစည်း၊ စည်းစည်းလုံးလုံး တွေ့ဆုံပြီး ပြည်တွင်းသုတေသီတွေရဲ့ စွမ်းပကားနဲ့ နိုင်ငံတစ်နံတစ်လျား တက္ကသိုလ်များမှ သုတေသနပညာရှင်များက အရည်အသွေးမြင့် စာတမ်းပေါင်းသုံးရာကျော်ကို သုံးရက်အတွင်း ဖတ်ကြားတင်သွင်းတဲ့ သုတေသနညီလာခံဖြစ်ပါတယ်။ သုတေသနလုပ်ငန်းဟာ ပညာရှင်တွေရဲ့ အရည်အသွေးမြှင့်တင်ပေးရေးလုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ အလျောက် သုတေသနညီလာခံတွေကို နှစ်စဉ်ကျင်းပပေးပြီး ယခုနှစ်ဆိုရင် (၂၃) ကြိမ်မြောက် သုတေသနညီလာခံကနေ အကောင်းဆုံးသုတေသနစာတမ်း ၅၁ ဆုနဲ့ အကောင်းဆုံးပါရဂူကျမ်း ရှစ်ဆုကို ရွေးချယ်ပြီး ဆုများချီးမြှင့်ခဲ့ပါတယ်။

တက္ကသိုလ်ပညာရေးရဲ့ အသက်ဟာ သုတေသနဖြစ်ပါတယ်။ ဆရာ ဆရာမတွေ ပညာရည်မြင့်မားစေဖို့ သုတေသနပြုကြရပါမယ်။ မြန်မာနိုင်ငံရဲ့ ပညာရေး တိုးတက် ကောင်းမွန်စေဖို့အတွက် မြန်မာနိုင်ငံ ပြည်တွင်းတက္ကသိုလ်တွေက ဘာသာစုံစာတမ်းတွေ တင်သွင်းခြင်းဖြင့် အနာဂတ်ပညာရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။

Knowledge for Knowledge sake မဟုတ်တော့ဘဲ Creative, Innovative education ဘက်ကို အလေးထားအားထုတ်လာကြပါတယ်။ အနာဂတ်မှာ တွေ့ကြုံရမယ့် ပတ်ဝန်းကျင်သစ်ကို လွှမ်းမိုးနိုင်အောင် အားထုတ်ကြတဲ့အခါ အစွဲအလမ်းတွေကို ပယ်ပြီး တီထွင်ဖန်တီးမှုပညာရပ်နဲ့ ကျွမ်းကျင်မှုအရည်အသွေးတွေကသာ တတ်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာမှာ ဘက်ပေါင်းစုံ ပြုပြင်ပြောင်းလဲမှု ပြုလုပ်နေတာတွေကို လျစ်လျူရှုလို့ မရနိုင်တဲ့အတွက် ကျွန်တော်တို့တစ်တွေဟာ ပညာရေး ပြုပြင်ပြောင်းလဲမှုတွေနဲ့ အလုပ်ရှုပ်နေမှာပဲဖြစ်ပါတယ်။ ပညာရေးလုပ်ငန်းစဉ်တွေဟာ ရှေ့လျားနေတဲ့ ရှည်လျားတဲ့ ခရီးရှည်ကြီးဖြစ်နေလို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ဝိဇ္ဇာနဲ့သိပ္ပံပညာရှင်အဖွဲ့ဟာ တက္ကသိုလ်ကြီးတွေနဲ့ ပူးပေါင်းပြီး ကျင်းပမြဲ သုတေသနစာတမ်းဖတ်ပွဲ၊ သုတေသနညီလာခံတွေဟာ ပညာရေးရဲ့ခြေလှမ်းတွေဖြစ်ပါတယ်။ ယခုနှစ်ဆိုရင် (၂၃) ကြိမ်မြောက် သုတေသနညီလာခံအထိ ရောက်လာပြီဖြစ်ပါတယ်။ ပညာရေးရဲ့အရင်းအမြစ် အားထားရလောက်တဲ့ ပညာရေးအတိုင်ပင်ခံပညာရှင်တွေဆိုရင် မှားလောက်စရာအကြောင်း မရှိဘူးလို့ မြင်နိုင်ပါတယ်။ မြန်မာနိုင်ငံဝိဇ္ဇာနဲ့ သိပ္ပံပညာရှင်အဖွဲ့ရဲ့ ဆောင်ပုဒ်မှာ "ပညာ့စွမ်းအား ပြည့်စွမ်းအား"တိုင်းပြည်ရဲ့ မျက်စိသဘော၊ တိုင်းပြည်အတွက် ကြည့်နိုင်တဲ့ မြင်နိုင်တဲ့အမြင် ပညာသဘောလို့ အဓိပ္ပာယ်ရပါတယ်။

## တက္ကသိုလ်ပညာရေးကို တိုင်းရင်းသားပြည်သူတွေ လက်လှမ်းမီ

ကိုလိုနီခေတ် ၁၉၂၀ ပြည့်နှစ်မှာ ရန်ကုန်တက္ကသိုလ်ရယ်လို့ သီးခြားဖွင့်လှစ်ခွင့်ရအောင် အားထုတ်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးတော့လည်း မန္တလေးတက္ကသိုလ်ဟာ ၁၉၅၈ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀ ရာစုနှောင်းပိုင်း၊ ၂၁ ရာစုအစများမှာ ပင်လုံတက္ကသိုလ်ဖွင့်လှစ်ဖို့ နိုင်ငံတော်အကြီးအကဲရဲ့ အမြော်အမြင်နဲ့ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အဆင့်မြင့်ပညာရေးကို ရန်ကုန်၊ မန္တလေး တက္ကသိုလ်တွေမှာသာ တက်ရောက်သင်ကြားနိုင်မှာ မဟုတ်တော့ဘဲ တိုင်းရင်းသားပြည်သူတွေ လူ့အဖွဲ့အစည်းအသီးသီးက လက်လှမ်းမီခဲ့ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်တွေ ပေါ်များဖို့ လိုအပ်တာမို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ပညာရေးရင်းနှီးမြှုပ်နှံမှုကို အလေးထားလျက် ပညာရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်စေဖို့ အားပေးလျက်ရှိပါတယ်။

(ဆက်လက်ဖော်ပြပါမည်)



# လပွတ္တာမြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်

**လပွတ္တာ ဖေဖော်ဝါရီ ၁၂**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လပွတ္တာမြို့နယ် အမှတ်(၅)ရပ်ကွက် စိန်ရတုလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးဝင်းမင်းဦးနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်သည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ်သိန်း ၉၀၀ ဖြင့် ဆောင်ရွက်သောလုပ်ငန်းခြောက်ခုမှ တစ်ခုဖြစ်ပြီး လမ်းအရှည် ပေ ၂၂၀၊ အကျယ် ပေ ၃၀၊ ဒု ရှစ်လက်မဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကွမ်းခြံကုန်းမြို့နယ်၌ ကွန်ကရစ်လမ်းဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မန်းကလိပ်ကျေးရွာအုပ်စု မယ်ဇလီဝကျေးရွာ၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ကွန်ကရစ်လမ်းသစ်ကို တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦး၊ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကွန်ကရစ်လမ်းကို ဒုတိယဗိုလ်မှူးကြီးရဲကျော်သူနှင့် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကိုဇင်(ပြန်/ဆက်)**





# မိုးနဲမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ကျင်းပ

**မိုးနဲ ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက စုပေါင်းရုံးဝင်းမြက်ခင်းပြင်စင်မြင့်နေရာ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဖတ်ကြားခဲ့သည်။

**ဝိုးတောင်း**

ပုံပြင်

# ပျားဘုရင်မ

**ငွေတာရီ**

လွန်လေပြီးသောအခါ ဘုရင်တစ်ပါးတွင် သားတော်သုံးပါး ရှိလေသည်။ သူတို့သုံးပါးအနက် နောင်တော်ဖြစ်သော မင်းသားနှစ်ပါးတို့သည် ကြီးပွားချမ်းသာရန်အလို့ငှာ ကမ္ဘာကြီးကို လှည့်လည်အံ့ဟု အတူတကွခရီးထွက်ခဲ့ကြလေ၏။ သို့ရာတွင် တစ်စုံတစ်ရာအကျိုးစီးပွားမဖြစ်ထွန်းဘဲ ဖြုန်းတီးပျော်ပါး၍ မိုက်မဲစွာနေထိုင်ခြင်းဖြင့်သာ အချိန်ကုန်ခဲ့ကြလေသည်။ နောက်ဆုံးတွင်ကား နန်းတော်သို့ပင် ပြန်၍မလာနိုင်ကြသောအခြေအနေသို့ ရောက်ရှိကုန်ကြလေ၏။

သူတို့ ညီတော်အငယ်ဆုံးသည်ကား ပုံပန်းသဏ္ဌာန်အားဖြင့် လူပုလေးနှင့်တူသည်။ ထိုညီတော်ကလေးသည် ပျောက်ဆုံးနေသော နောင်တော်နှစ်ပါးကို ရှာရန်အလို့ငှာ ထွက်ခဲ့ပြန်လေသည်။ တွေ့သည့်အခါတွင် နောင်တော်များက သူ့အား ပြောင်လှောင်ရယ်မောခြင်းပြုကြကုန်၏။ သူကဲ့သို့သော လူပုကလေးသည် ဤကျယ်ပြန့်သောကမ္ဘာကြီးကို အသို့လျှင် လှည့်လည်နိုင်အံ့နည်း။ မိမိတို့ကဲ့သို့ ပညာဉာဏ် ပိုမိုပြည့်စုံသောသူများပင် မဖြစ်နိုင်ကြဟု ပြက်ရယ်စကားဆိုကြကုန်၏။

မည်သို့ပင်ဖြစ်စေ သူတို့ညီနောင်သုံးဦးသည် အတူတကွပင် ခရီးဆက်ခဲ့ကြလေသည်။ သူတို့သည် ပုရွက်ဆိတ်တောင်ပို့ကြီးတစ်ခုသို့ ရောက်ကြသောအခါ နောင်တော်နှစ်ပါးသည် တောင်ပို့ကို ဖြိုပစ်ရန် တိုင်ပင်ကြလေသည်။ တောင်ပို့ပြိုသွားသည့်အခါတွင် ပုရွက်ဆိတ်များ ၎င်းတို့၏ဥများကို အသီးသီးချီယူ၍ ထွက်ပြေးကြသည်ကို ကြည့်လိုကြသည်ဟုဆို၏။ သို့ရာတွင်ညီတော်လူပုကလေးက သနားဖွယ်ကောင်းသောသတ္တဝါငယ်များ၏ချမ်းသာခြင်းကို မဖျက်ဆီးပါနှင့်ဟု တောင်းပန်လေသည်။ နောင်တော်များလည်း မဖျက်ဆီးရတော့ဘဲ သွားကြကုန်၏။

မကြာမီ ရေကန်တစ်ခုသို့ ရောက်ကြပြန်လေသည်။ ထိုရေကန်ထဲတွင် များစွာသောငန်းတို့သည် ပျော်ရွှင်စွာ ကူးခပ်လျက်ရှိကြကုန်၏။ နောင်တော်နှစ်ပါးသည် ငန်းနှစ်ကောင်ကိုဖမ်း၍ ကြော်ချက်စားလိုကြသည်။ သို့သော် ညီတော်လူပုကလေးက ထိုသို့မပြုသင့်ကြောင်းဖြင့် ရှေးနည်းအတိုင်း တားမြစ်ပြန်သည်။

“နောင်တော်တို့သည် အဘယ်ကြောင့် သူတစ်ထူး၏ ပျော်ရွှင်မှုကို နှောင့်ယှက်လိုကြပါသနည်း”ဟု သူက မနှစ်သက်ဟန်ဖြင့် မေးသည်။ နောင်တော်များလည်း မဖမ်းကြတော့ဘဲ ဆက်လက်၍သာ ထွက်ခဲ့ပြန်လေသည်။

ဤတစ်ကြိမ်တွင်ကား အခေါင်းပေါက်ကြီးရှိသော သစ်ပင်ကြီးတစ်ပင်သို့ ရောက်ခဲ့ကြလေသည်။ သစ်ခေါင်းထဲတွင် ပျားအုံများရှိရာ နောင်တော်နှစ်ပါးက ၎င်းတို့ကိုမီးတိုက်၍ ပျားရည်တို့ကို ယူအံ့ဟု အကြံအစည်ပြုကြပြန်သည်။ ဤတစ်ကြိမ်တွင်လည်း ရှေးနည်းအတိုင်းပင် ညီတော်လေးက ကန့်ကွက်ပြန်သည်။ လှပသောသတ္တဝါငယ်များသည် သူတို့ဘာသာ အေးချမ်းစွာနေကြရှာပါသည်။ သူတို့ကို ဖျက်ဆီးရန် ကျွန်ုပ်ခွင့်မပြုနိုင်ဟု ဆိုသည်။ နောင်တော်နှစ်ပါး လက်လျှော့ရပြန်လေသည်။

သို့နှင့် တဖြည်းဖြည်းလာခဲ့ကြရာ ရဲတိုက်ကြီးတစ်ခုသို့ ရောက်ရှိကြလေ၏။ ရဲတိုက်ကြီးဝင်းအတွင်းဝယ် မြင်းဇောင်းများလည်း ရှိကြသည်။ ထိုမြင်းဇောင်းအနီးမှ ဖြတ်သန်း၍ သွားကြရာတွင် အလွန်လှပခံ့ညားသည့် မြင်းကြီးများကို မြင်ကြရသည်။ သို့သော် သက်ရှိမြင်းများကားမဟုတ်။ ကျောက်သားပကတိမြင်းရုပ်များ ဖြစ်ကြလေရာ သူတို့မှာ အလွန်အမင်းအံ့သြကြလေသည်။ လူဟူ၍ကား တစ်စုံတစ်ယောက်မျှ မရှိချေ။

ရဲတိုက်ကြီး၏ အခန်းများကို ဖြတ်သန်း၍ သွားကြရာတွင်လည်း မည်သူ့ကိုမျှ မတွေ့ရချေ။ သို့ရာတွင် အမျိုးမျိုးသော ကျောက်ရုပ်များကိုကား တွေ့ရလေသည်။ နောက်ဆုံးတွင် သူတို့သည် သော့သုံးချက်ခတ်ထားသော တံခါးတစ်ခုသို့ ရောက်သွားကြလေ၏။ ထိုတံခါး၏ အလယ်တည့်တည့်တွင် မလွယ်ပေါက်တစ်ခုရှိရာ သူတို့သည် အတွင်းသို့ လှမ်း၍ကြည့်မိကြ၏။ အခန်းတွင်းရှိ စားပွဲတစ်ခုအနီးဝယ် အသားညိုဖျော့ဖျော့ရှိသော၊ သေးကွေးသော အဘိုးအိုတစ်ယောက်ထိုင်နေသည်ကို တွေ့ရသည်။ သူတို့က တစ်ခါ၊ နှစ်ခါမျှ ခေါ်ကြည့်ကြသော်လည်း အဘိုးအိုသည် သူတို့ခေါ်သံကို ကြားဟန် မတူချေ။ တတိယအကြိမ်ခေါ်သောအခါမှ ကြားလေတော့သည်။ ထို့ကြောင့် နေရာမှထကာ သူတို့ရှိရာသို့ ထွက်လာလေတော့သည်။ ထို့နောက် စကားတစ်ခွန်းမျှမပြောဘဲ သူတို့၏လက်များကိုဆွဲကာ လှပသော စားပွဲတစ်ခုသို့ ခေါ်ဆောင်သွားလေသည်။ ထိုစားပွဲတွင်ကား အလွန်ကောင်းမွန်သော စားသောက်ဖွယ်ရာများဖြင့် ပြည့်နှက်နေလေသည်။ သူတို့သည် ၎င်းတို့ကို စားသောက်ကြလေသည်။ သူတို့ စားသောက်၍ ပြီးကြသောအခါ အဘိုးအိုက အိပ်ရန် တစ်ယောက်လျှင် တစ်ခန်းကျညွှန်ပြလေသည်။ သို့ဖြင့် သူတို့လည်း အခန်းအသီးသီးသို့သွား၍ အိပ်ကြလေသည်။

နံနက်မိုးသောက်သောအခါ ရှေးဦးစွာ နောင်တော်အကြီးဆုံးရှိရာသို့ အဘိုးအိုရောက်လာလေသည်။ သူသည် နောင်တော်ကြီးအား ကျောက်စားပွဲတစ်လုံးရှိရာသို့ ခေါ်ဆောင်သွားပြန်သည်။ ထိုစားပွဲပေါ်တွင် ကျောက်စာသုံးချပ် တင်ထားသည်ကို မြင်ရသည်။ ထိုကျောက်စာများမှာ ပြုစားခြင်းနှင့် ကျိန်စာတိုက်ခြင်းခံထားရသော ထိုရဲတိုက်ကြီးအတွက် ကယ်တင်ရန် နည်းလမ်းများပင် ဖြစ်ပေသည်။

(ဆက်လက်ဖော်ပြပါမည်)

**နံနက်မိုးသောက်သောအခါ ရှေးဦးစွာ နောင်တော်အကြီးဆုံးရှိရာသို့ အဘိုးအို ရောက်လာလေသည်။ သူသည် နောင်တော်ကြီးအား ကျောက်စားပွဲတစ်လုံးရှိရာသို့ ခေါ်ဆောင်သွားပြန်သည်။ ထိုစားပွဲပေါ်တွင် ကျောက်စာသုံးချပ် တင်ထားသည်ကို မြင်ရသည်။ ထိုကျောက်စာများမှာ ပြုစားခြင်းနှင့် ကျိန်စာတိုက်ခြင်းခံထားရသော ထိုရဲတိုက်ကြီးအတွက် ကယ်တင်ရန် နည်းလမ်းများပင်ဖြစ်**

ဆရာမ ငွေတာရီ၏ မပန်းဇင်နှင့် အခြားပုံပြင်များ စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



## ရယ်စရာ ပြုံးစရာ နိုင်ငံတကာ ဖြစ်ရပ်ဆန်းဟာသများ

**မာတင်ဖဲ**







| လူမှု ဘဝ |
|---|

## လူငယ်နှင့် အသက်မွေးဝမ်းကျောင်းအလုပ်

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

အသက်မွေးဝမ်းကျောင်း အလုပ်ဆိုတာ လူတစ်ဦးတစ်ယောက်ရဲ့ ရွေးချယ်ထားတဲ့အလုပ်အကိုင်ပဲ ဖြစ်ပါတယ်။ တချို့လူငယ်တွေက မိဘတွေရဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေမှာ ဝင်ကူရင်းနဲ့ မိဘတွေရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ကို ဆက်လက်လုပ်ကိုင်ကြတယ်။ တချို့လူငယ်တွေက ပညာသင်ကြားရင်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရတဲ့လုပ်ငန်းမျိုးကို အချိန်ပိုင်းသဘောလုပ်ကြတယ်။ တချို့ကတော့ Online sales လို အလုပ်မျိုးတွေနဲ့ အသက်မွေးဝမ်းကျောင်းပြုလာကြတယ်။ ဒါက ငွေရှာဖို့ ယာယီလုပ်ကြတာဖြစ်ပါတယ်။

တကယ်တော့ လူငယ်တွေအတွက် အသက်မွေးဝမ်းကျောင်းအလုပ်ဆိုတာ အောင်မြင်မှုနဲ့ တိုးတက်မှုရရှိစေဖို့ ရည်မှန်းချက်နဲ့ ရေရှည်လုပ်ရတဲ့ အလုပ်ဖြစ်ပါတယ်။ ဥပမာ- အစိုးရဌာနတွေမှာ မိမိပညာအရည်အချင်း၊ ကျွမ်းကျင်မှုနဲ့ ရေရှည်ကို မျှော်ကိုးလုပ်ဆောင်နေကြတဲ့ လူငယ်တွေကို တွေ့ရပါတယ်။ အလားတူစွာ ပြည်တွင်း၊ ပြည်ပကုမ္ပဏီတွေ၊ NGO တွေမှာ မိမိဝါသနာပါရာ အသက်မွေးဝမ်းကျောင်းအလုပ်တွေကို လူငယ်တွေလုပ်နေကြတာ တွေ့ရပါတယ်။ အောင်မြင်တဲ့ အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုဖြစ်ဖို့ မိမိကိုယ်တိုင်က ရည်မှန်းချက်ပန်းတိုင် သတ်မှတ်ဖို့လိုပါတယ်။ လိုအပ်တဲ့ပညာအရည်အချင်းနဲ့ လေ့ကျင့်မှုတွေ ရယူထားဖို့ လိုအပ်ပါတယ်။ ဥပမာ- အစိုးရဌာနအလုပ်တွေမှာ ရေးဖြေနှုတ်ဖြေဝင်ခွင့် အဆင့်ရာထူးတွေကတစ်ဆင့် အတွေ့အကြုံတွေ ရယူရင်းနဲ့ ကြီးမားတဲ့ရာထူးအဆင့်တွေကို တက်လှမ်းသွားနိုင်ပါတယ်။

လူငယ်တွေဟာ မိမိဘဝအတွက် အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုကို ရွေးချယ်ခြင်းဟာ အရေးကြီးတဲ့ဆုံးဖြတ်ချက်တစ်ခုလည်း ဖြစ်ပါတယ်။ ဒီလိုရွေးချယ်ဆုံးဖြတ်ရာမှာ မိမိရဲ့ကျွမ်းကျင်မှု၊ ပညာရေး အဆင့်အတန်း၊ ဝါသနာနဲ့ စိတ်ဝင်စားမှုတွေကို ထည့်သွင်းစဉ်းစားဖို့ အရေးကြီးလှပါတယ်။ ကောင်းမွန်တဲ့ အသက်မွေးဝမ်းကျောင်း တစ်ခုဖြစ်ဖို့ လူတစ်ဦးရဲ့တန်ဖိုးထားတဲ့အချက်တွေ၊ ပန်းတိုင်သတ်မှတ်ချက်တွေနဲ့ ကိုက်ညီပြီး ပရော်ဖက်ရှင်နယ်ဖြစ်တဲ့အထိ တိုးတက်အောင် ကြိုးပမ်းရမှာဖြစ်ပါတယ်။

လူငယ်တွေအနေနဲ့ အောင်မြင်တဲ့ အသက်မွေးဝမ်းကျောင်းပြုလုပ်ရာမှာ မိမိအလုပ်လုံခြုံရေး (Job Security) ကိုလည်း စဉ်းစားရမှာဖြစ်ပါတယ်။ ရေရှည်ဘဝအတွက် အလုပ်လုံခြုံရေးရှိမှသာ လုပ်ငန်းခွင်မှာ ပျော်ရွှင်စွာနဲ့ လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ လစာငွေကြေးရရှိမှု၊ မိမိအသုံးစရိတ်နဲ့ လုံလောက်မှု ရှိ၊ မရှိ၊ ရာထူးတိုးတက်ရေး အခွင့်အလမ်းတွေကို စဉ်းစားထားရမှာဖြစ်ပါတယ်။

လူငယ်တွေ အသက်မွေးဝမ်းကျောင်းအလုပ်ကို စဉ်းစားတဲ့အခါ ယေဘုယျအားဖြင့် ရုပ်ပိုင်းဆိုင်ရာလုပ်ငန်းနဲ့ စိတ်ပိုင်းဆိုင်ရာလုပ်ငန်းတွေကို ခွဲခြားသိရှိရမှာဖြစ်ပါတယ်။ ဥပမာ- ရုပ်ပိုင်းဆိုင်ရာလုပ်ငန်းတွေမှာ ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေး၊ လယ်ယာလုပ်ငန်းအမျိုးအစားတွေ ပါဝင်ပါတယ်။ စိတ်ပိုင်းဆိုင်ရာလုပ်ငန်းတွေမှာ ပညာရေး၊ အင်ဂျင်နီယာဈေးကွက်ရှာဖွေရေး စတဲ့အလုပ်အမျိုးအစားတွေ ပါဝင်ပါတယ်။ ဒီအမျိုးအစားနှစ်ခုအကြားမှာ ထပ်တူနေမှုတွေ ရှိနိုင်ပေမယ့် ဒီလိုကျယ်ပြန့်တဲ့ အမျိုးအစားခွဲခြားမှုကို နားလည်ခြင်းဟာ လူငယ်တစ်ဦးစီရဲ့ စိတ်ဝင်စားမှု၊ ဝါသနာ၊ အားသာချက် အရည်အချင်းတွေနဲ့ ကိုက်ညီတဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ရွေးချယ်ရာမှာ အထောက်အကူဖြစ်စေနိုင်ပါတယ်။

အောင်မြင်တဲ့ လူငယ်စီးပွားရေး လုပ်ငန်းရှင်တွေကို လေ့လာကြည့်ရင် သူတို့ဟာ ဝါသနာကို အသက်မွေးဝမ်းကျောင်းအဖြစ် ပြောင်းလဲခြင်းဖြင့် အောင်မြင်မှုရရှိလာတာကို တွေ့ရပါတယ်။ လူငယ်တွေဟာ ဆိုရှယ်မီဒီယာနဲ့ e-commerce တိုးတက်ဖြစ်ပေါ်လာတဲ့အခါ သူတို့ရဲ့ဝါသနာတွေကို အမြတ်အစွန်းရှိတဲ့ စီးပွားရေးလုပ်ငန်းတွေအဖြစ် ပြောင်းလဲလုပ်ကိုင်လာကြတယ်။ စာရေးခြင်းကို အခြေခံပြီး စာရေးဆရာဖြစ်အောင် ကြိုးပမ်းရင်း အသက်မွေးဝမ်းကျောင်းတစ်ခုအဖြစ် ပရော်ဖက်ရှင်နယ်တစ်ဦးဖြစ်လာအောင် ကြိုးစားလာကြတာကို တွေ့ရပါတယ်။ ယခုအခါ Instagram လို ပလက်ဖောင်းတွေကလည်း အနုပညာရှင်တွေ၊ ဩဇာလွှမ်းမိုးမှုတွေ၊ ဂီတသမားတွေအတွက် သူတို့ဝါသနာတွေကို ဖန်တီးဖို့ အခွင့်အလမ်းရရှိလာကြပါတယ်။

လူငယ်တွေဟာ ဝါသနာကို အသက်မွေးဝမ်းကျောင်းအဖြစ် ပေါင်းစည်းခြင်းဖြင့် မိမိလုပ်ငန်းမှာ ပျော်ရွှင်မှုရရှိတဲ့ ပရော်ဖက်ရှင်နယ်တစ်ဦးရဲ့ ဘဝကို ဖန်တီးလာနိုင်တယ်။ ဥပမာ- ပရိုဂရမ်မာ၊ ခရီးသွားဘလော့ဂါ၊ စိတ်ခံစားမှုမြှင့်တင်ရေးသင်တန်းဆရာ၊ အားကစားရုံပိုင်ရှင်အဖြစ် ဝါသနာကို အသက်မွေးဝမ်းကျောင်းနဲ့ ပေါင်းစည်းနိုင်တဲ့ နည်းလမ်းများစွာ ရှိပါတယ်။

အသက်မွေးဝမ်းကျောင်းနဲ့ ဝါသနာကို ပေါင်းစပ်ပြီး အောင်မြင်ခဲ့တဲ့စွန့်ဦးတီထွင်လူငယ်တစ်ဦးရဲ့ ဇာတ်လမ်းလေးကို တင်ပြချင်ပါတယ်။ သူ့အမည်ကတော့ Michael Action Smith ဖြစ်ပါတယ်။ Smith ဟာ ဗြိတိသျှ စွန့်ဦးတီထွင်သူတစ်ဦးဖြစ်ပြီး Mind Candy အမှတ်တံဆိပ်ကို ဖော်ဆောင်ရင်း အောင်မြင်လာခဲ့သူဖြစ်ပါတယ်။ သူဟာ ဗြိတိန်နိုင်ငံ ဘာမင်ဂမ်တွင် ၁၉၇၄ ခုနှစ်မှာ မွေးဖွားခဲ့ပြီး နည်းပညာနဲ့ ကွန်ပျူတာဂိမ်းတွေကို စိတ်ဝင်စားဝါသနာပါပြီး ကြီးပြင်းလာခဲ့တယ်။ တက္ကသိုလ်မှာ အင်္ဂလိပ်စာနဲ့ ဒဿနိကဗေဒကို လေ့လာပြီးနောက် ဂျာနယ်လစ်အဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့ပါတယ်။

၂၀၀၂ ခုနှစ်မှာ Smith ဟာ အွန်လိုင်းဂိမ်းတွေနဲ့ Virtual Worlds တွေကို ဖန်တီးဖို့ အာရုံစိုက်တဲ့ ကလေးဖျော်ဖြေရေးကုမ္ပဏီ Mind Candy ကို တည်ထောင်ခဲ့ပါတယ်။ ၎င်းကုမ္ပဏီရဲ့ ထင်ရှားတဲ့ ထုတ်ကုန်ဖြစ်တဲ့ Moshi Monster ကို ၂၀၀၈ ခုနှစ်မှာ စတင်ထုတ်လုပ်ခဲ့ပါတယ်။ မကြာခင်မှာပဲ အောင်မြင်မှုတွေ Smith ရရှိခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဒီဂိမ်းဟာ ကလေးတွေကို သူတို့ရဲ့ Virtual အိမ်မွေးတိရစ္ဆာန်တွေ ဖန်တီးပေးရင်း ဂိမ်းကစားခွင့် ရရှိစေတယ်။ လုံခြုံတဲ့ပတ်ဝန်းကျင်မှာ သူငယ်ချင်းတွေနဲ့ အပြန်အလှန်ဆက်သွယ်မှု ရရှိစေတယ်။ ဒီလိုနဲ့ Moshi Monsters ဟာ အချိန်အနည်းငယ်အတွင်းမှာ ကမ္ဘာပေါ်ရှိ သန်းပေါင်းများစွာသော သုံးစွဲသူတွေကို ဆွဲဆောင်နိုင်ခဲ့တယ်။

Smith ဟာ ကလေးတွေအတွက် ဖျော်ဖြေရေးဆိုင်ရာနည်းလမ်းကို ဆန်းသစ်ဖန်တီးခဲ့တယ်။ သူဟာ ဆုပေါင်းများစွာ ရရှိခဲ့တယ်။ Wired မှ " 100 Most Influential People in the Digital Industry" မှာ တစ်နှစ်တာရဲ့ စွန့်ဦးတီထွင်သူအဖြစ် သတ်မှတ်ခြင်း ခံခဲ့ရပါတယ်။ Smith ရဲ့ ခေါင်းဆောင်မှုနဲ့ Mind Candy ဟာ မိသားစုတွေနဲ့ ကလေးတွေအတွက် ရည်ရွယ်တဲ့ ဂိမ်းတွေနဲ့ အက်ပ်အသစ်တွေကို စတင်ရောင်းချနိုင်ခဲ့ပြီး ၎င်းရဲ့ထုတ်ကုန်ပစ္စည်းတွေကို တိုးချဲ့ခဲ့တယ်။ ၂၀၁၇ ခုနှစ်မှာ Smith ဟာ လုပ်ငန်းသစ်တွေကို အာရုံစိုက်ဖို့ CEO အဖြစ်မှ နုတ်ထွက်ခဲ့ပါတယ်။

Smith ဟာ ထင်ရှားတဲ့ ပရဟိတသမားဖြစ်သလို ရင်းနှီးမြှုပ်နှံသူလည်း ဖြစ်ပါတယ်။ သူဟာ အွန်လိုင်းဖတ်စာအုပ်အငှားပလက်ဖောင်းဖြစ်တဲ့ Perlego အပါအဝင် အောင်မြင်တဲ့ startup လုပ်ငန်း အများအပြားမှာ ရင်းနှီးမြှုပ်နှံခဲ့တယ်။ ကလေးတွေနဲ့ လူငယ်တွေအတွက် စိတ်ကျန်းမာရေး ပံ့ပိုးပေးတဲ့ Calm Zone အပါအဝင် ပရဟိတအဖွဲ့အစည်းတွေနဲ့ အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတွေကိုလည်း ကူညီပံ့ပိုးခဲ့ပါတယ်။

Smith ဟာ ကလေးတွေရဲ့ ဖျော်ဖြေရေးအတွက် ဒစ်ဂျစ်တယ်လုပ်ငန်းမှာ ဆန်းသစ်ဖန်တီးတဲ့ နည်းနဲ့ အောင်မြင်တဲ့ စွန့်ဦးတီထွင်သူတစ်ဦးဖြစ်လာခဲ့တယ်။ သူဟာ လူငယ်တွေကို စိတ်အားထက်သန်မှုနဲ့ စိတ်ကူးစိတ်သန်းတွေကို လက်တွေ့အဖြစ်သို့ ပြောင်းလဲနိုင်ဖို့ လှုံ့ဆော်ပေးခဲ့သူဖြစ်ပါတယ်။ အဲဒါကြောင့် လူငယ်တွေအနေနဲ့ ဝါသနာကို အရင်းတည်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေမှာ အောင်မြင်တဲ့ တီထွင်သူတွေဖြစ်လာအောင် ကြိုးစားကြဖို့လိုအပ်ကြောင်း တင်ပြလိုက်ပါတယ်။ ။

# မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းစာမေးပွဲများ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၂

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် စာမေးပွဲများကိုပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာစာဖြေဌာနများတွင် မကြာမီဖြေဆိုကြရတော့မည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာ မူလတန်း၊အလယ်တန်းနှင့်အထက်တန်း အဆင့် စာမေးပွဲများကို အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**အမှာစကားပြောကြား**

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အဓိက အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ နိုင်ငံတော်က ပညာရေးကဏ္ဍများ တိုးတက်အောင် အစဉ်အမြဲ အလေးထားဆောင်ရွက်ပေးနေပါကြောင်း၊ မကြာမီတွင် အခြေခံပညာအဆင့်စာမေးပွဲများကို စတင်ကျင်းပတော့မည်ဖြစ်ရာ တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာစာစစ်ဌာနများ၌ စာမေးပွဲများကို အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ရာနှုန်းပြည့် ဖြေဆိုနိုင်ရေးအတွက် ခရိုင်/မြို့နယ်အလိုက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မိဘများ ပေါင်းစပ်၍ အင်ပြည့်အားပြည့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နယ်မြေလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တိုင်းဒေသကြီးအတွင်း အချို့သောနေရာဒေသများရှိ ကျောင်းသား ကျောင်းသူများအပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နယ်မြေလုံခြုံရေးအခြေအနေများအရ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ပညာသင်နှစ်ဆုံးရှုံးနစ်နာမှုမဖြစ်ပေါ်စေရန် သက်ဆိုင်ရာစာဖြေဌာနများတွင် ဝင်ရောက်ဖြေဆိုနိုင်ရေး၊ စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံခန့်ခွဲမှုကောင်းမွန်စွာဖြင့် အလေးထားကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးသတိ လုံခြုံရေးအသိ အစဉ်အမြဲရှိနေရမည် ဖြစ်ပါကြောင်း၊ စာမေးပွဲဖြေဆိုမှုများနှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာ မဖြစ်ပေါ်စေရန် လိုအပ်သည်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးပညာရေးမှူးက အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်စာမေးပွဲများအတွက် မေးခွန်းများပြင်ဆင်ထားရှိမှု၊ စာစစ်ဌာနများသတ်မှတ်ထားရှိမှု၊ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား လက်ခံဆောင်ရွက်ပေးနေမှုနှင့် မပျက်မကွက်ဖြေဆိုနိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပံ့ပိုးဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်တွင်းဈေးကွက်အတွင်း အထည်အလိပ်လုပ်ငန်းများတွင် ရောင်းအားဝယ်အား အဆက်မပြတ်ရှိနေ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပြည်တွင်းဈေးကွက်အတွင်း အထည်အလိပ်လုပ်ငန်းများတွင် ရောင်းအားဝယ်အား အဆက်မပြတ်ရှိနေကြောင်း အထည်အလိပ် ရောင်းဝယ်ရေးလုပ်ငန်း အသိုင်းအဝိုင်းမှ သိရသည်။

**အဆက်မပြတ်ရှိနေ**

"လက်ရှိမှာ အထည်အလိပ်လုပ်ငန်းတွေကတော့ သူ့ဟာနဲ့သူရောင်းအားဝယ်အား အဆက်မပြတ်ရှိနေပါတယ်။ ရောင်းရပါတယ်။ ဈေးကွက်မှာက စပန့်လည်းစပန့် အလျောက် ချည်လည်းချည်အလျောက် အကုန်လုံးကြိုက်ကြပါတယ်။ ဝယ်ကြပါတယ်"ဟု စံမဒီအထည်အလိပ် ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းမှထွက်ရှိသော မြန်မာ့ရိုးရာအထည်အလိပ်များထက် ပြည်ပမှဝင်လာသော အထည်အလိပ်များက ဈေးကွက်များတွင် ပိုမိုနေရာယူထားခြင်းကြောင့် မြန်မာ့ရိုးရာအထည်အလိပ်များ ထုတ်လုပ်သော ရက်ကန်းလုပ်ငန်းများအနေဖြင့် စိန်ခေါ်မှုများ ကြုံတွေ့နေရပြီး ပြည်တွင်း၌ ဈေးကွက်ချဲ့ထွင်နိုင်ရန် ကြိုးစားရုန်းကန်နေရကြောင်း သိရသည်။

ထို့ပြင် မြန်မာ့ရိုးရာအထည်အလိပ်များ ထုတ်လုပ်သော ရက်ကန်းလုပ်ငန်းများသည် နိုင်ငံအတွင်းက ဝယ်လိုအားအပေါ်မူတည်၍ အထည်အလိပ်အရေအတွက် အများအပြား ရက်လုပ်ဖြန့်ချိရသော ပြည်တွင်းဈေးကွက်နှင့် အရည်အသွေးကောင်းသော ထုတ်ကုန်များ ဖန်တီးရက်လုပ်ကာ တင်ပို့ရသော နိုင်ငံခြားဈေးကွက်တို့အတွက် ဒီဇိုင်းဆန်းသော အထည်အလိပ်များ တိုးမြှင့်ထုတ်လုပ်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ရိုးရာ ရက်ကန်းလုပ်ငန်းများမှ ထွက်ရှိသော အထည်အလိပ်များနှင့် အဝတ်အထည်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်နှစ်ခုလုံး၌ တိုးချဲ့နိုင်စေရေးအတွက် စိတ်ဝင်စားဖွယ်ရာ လှပသောဒီဇိုင်းဆန်းများ ဖန်တီးထုတ်လုပ်နိုင်ရုံသာမက ဈေးနှုန်းသင့်တင့်မျှတရန်လည်း လိုအပ်ကြောင်း အထည်အလိပ်လုပ်ငန်းလုပ်ကိုင်နေသည့် အသိုင်းအဝိုင်းမှ သိရသည်။

သစ်တော်

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# သတင်းကြေညာချက်

၁။ Campana Mythic Co.,Ltd သည် မြန်မာ-စင်ကာပူ အပြည်ပြည်ဆိုင်ရာ ရေအောက်ဖိုင်ဘာ ကေဘယ်ဆက်ကြောင်းအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက်လက်သွယ်တန်းနိုင်ရန်အတွက် ရေကြောင်းတိုင်းတာရေးလုပ်ငန်းကို တိုင်းတာရေးသင်္ဘော R.V.EGS SURVEYOR ဖြင့် မြန်မာသီးသန့်စီးပွားရေးဇုန်အတွင်း ဆောင်ရွက်သွားမည့် ဧရိယာများဖြစ်သော မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇.၆၆၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၃.၀၄၉ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀.၉၂၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၆.၂၀၂ မိနစ်တွင်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂.၃၈၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၀.၅၈၃ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂.၃၈၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၀.၅၈၃ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀.၉၂၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၆.၂၀၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၀.၈၇၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၇.၇၄၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၃.၃၉၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၃.၂၇၃ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၃.၃၉၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၃.၂၇၃ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၀.၈၇၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၇.၇၄၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၈.၈၁၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉.၆၄၈ မိနစ် ၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၈.၈၁၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉.၆၄၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၃.၇၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၀.၉၁၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၃.၇၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၀.၉၁၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀.၉၂၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၉.၅၆၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀.၉၂၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၉.၅၆၈ မိနစ် ၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၈.၁၆၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၂.၇၄၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃.၀၅၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄.၁၁၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃.၀၅၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄.၁၁၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၈.၁၆၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၂.၇၄၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀.၈၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀.၁၄၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀.၈၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀.၁၄၄ မိနစ် ၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄.၆၆၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၃.၄၀၆ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၈.၈၄၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၈.၂၃၇ မိနစ် ၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၈.၈၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၈.၂၃၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄.၆၆၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၃.၄၀၆ မိနစ် ၊ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၄.၁၅၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၁.၆၃၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၉.၁၇၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅.၂၁၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၉.၁၇၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅.၂၁၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၄.၁၅၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၁.၆၃၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၇.၀၇၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၀.၈၀၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၇.၀၇၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၀.၈၀၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၃.၃၁၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၉.၀၉၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၉.၁၇၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅.၂၁၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၉.၁၇၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅.၂၁၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၃.၃၁၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၉.၀၉၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၀၈.၆၈၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀.၁၀၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၀၈.၆၈၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀.၁၀၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၇.၉၆၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၇.၇၃၉ မိနစ်၊ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၇.၉၆၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၇.၇၃၉ မိနစ်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀.၈၈၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၆.၇၇၆ မိနစ်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀.၈၈၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၆.၇၇၆ မိနစ်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉.၂၆၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၄၆.၉၈၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉.၂၆၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၄၆.၉၈၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၆.၂၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၄၅.၆၆၆ မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၇.၁၃၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၄၅.၇၉၁ မိနစ်တို့ အတွင်းတွင် (၁၂-၂-၂၀၂၄)ရက်နေ့မှ (၁၉-၄-၂၀၂၄) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရေကြောင်းတိုင်းတာရေးလုပ်ငန်းကို မြန်မာသီးသန့်စီးပွားရေးဇုန်အတွင်း ဆောင်ရွက်မည့်လမ်းကြောင်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာဧရိယာများအတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

# သုတေသနနယ်ပယ်မှသည် ဖွံ့ဖြိုးမှုဆီသို့

မိုးကေနိုင်

**ဘယ်ပညာရပ်နယ်ပယ်မဆို တတ်မြောက်ပြီးတဲ့ ပညာရပ်တစ်ခုကို ထိထိရောက်ရောက် အသုံးချမှသာ အသုံးဝင်ပါတယ်၊ အကျိုးလည်းရှိပါမယ်။ ပညာခေတ်လို့ဆိုတဲ့အရာမှာ နားလည်အောင်သင်၊ သင်တာကိုသိရုံနဲ့မပြီး အသိကို အကျင့်နဲ့ပေါင်းပြီး လုပ်ရင်းကိုင်ရင်းနဲ့ လက်တွေ့အသုံးချနေမှသာ ထိရောက်အောင်မြင်မှုရှိပါမယ်။**

ထုတ်လုပ်ပေးတဲ့အရေအတွက် ပမာဏသက်သက် (output) မှာလမ်းမဆုံးဘဲ ထွက်ရှိလာတဲ့ ပမာဏအတိုင်းအတာနဲ့ လက်တွေ့နယ်ပယ်မှာ ထိထိရောက်ရောက် အသုံးပြုနိုင်မှသာ အကျိုးကျေးဇူးဖြစ်ထွန်းတယ် (outcome) ဖြစ်တယ်လို့ ဆိုကြပါတယ်။ တကယ့်လက်တွေ့နယ်ပယ်များစွာမှာ အကျိုးပြုရလဒ်ကောင်း (outcome) ရဖို့ထက် ရလဒ်ထွက်ရုံ (output) မှာသာ ရပ်နေကြတာများပါတယ်။ ထိုအခါ လုပ်သလောက် အကျိုးကျေးဇူးမခံစားကြရခြင်းများ ဖြစ်လာပါတယ်။ ရေရှည်ရလဒ်ကောင်း ထွက်အောင်လုပ်မှသာ အကျိုးကျေးဇူးဖြစ်ထွန်းတယ်လို့လည်း ဆိုချင်တာဖြစ်ပါတယ်။ အမှန်တကယ်အလုပ်ဖြစ်အောင် မလုပ်ဘဲ အဖြစ်လောက်သာ လုပ်နေကြခြင်းကြောင့် outcome မဖြစ်တဲ့အခါ အဖွဲ့အစည်းအပေါ်မှာပါ သက်ရောက်မှု (impact) အပိုင်းမှာ ထိခိုက်မှုတွေ ရှိလာနိုင်ပါတယ်။

### ဖွံ့ဖြိုးမှုအတွေးအခေါ်

ဒီမှာ ဖွံ့ဖြိုးမှုအတွေးအခေါ်ပိုင်း (development thinking) ဆိုတာကို အမှုမဲ့၊ အမှတ်မဲ့ မဖြစ်သင့်ပါ။ မိမိသင်ကြားနာယူတတ်မြောက်ထားတဲ့အသိအတတ်ပညာကို လက်တွေ့လုပ်ငန်းခွင်မှာ အသုံးချနေမှု၊ အခြေအနေ၊ အချိန်အခါအပေါ်မူတည်ပြီး ကိုယ့်ရဲ့ပညာနဲ့တကယ့်လက်တွေ့နယ်ပယ် ကိုက်ညီမှုရှိ၊ မရှိ ပြန်လည်ဆန်းစစ်စမ်းသပ်နေမှသာ ရေရှည်မြဲတဲ့ ရလဒ်ကောင်းတွေ ဆက်တိုက်ရနေမှာ ဖြစ်ပါတယ်။

ပညာရပ်အခြေခံတဲ့ လုပ်ငန်းခွင်အတွေ့အကြုံက အလွန်ကိုအရေးကြီးတယ် ဆိုတာတော့ အထူးပြောစရာလိုမယ်မထင်ပါဘူး။ ပညာအပေါ်မှာ အတွေ့အကြုံကို ထပ်ဆင့်၊ မှန်၊ မမှန် ပြန်လည်စမ်းသပ်အတည်ပြု၊ ထွက်ပေါ်လာတဲ့ တွေ့ရှိချက်ရလဒ်အသစ်တွေကို အခြေခံပြီး စဉ်ဆက်မပြတ် တိုးတက်သည်ထက်တိုးတက်အောင်လုပ်၊ တွေ့ရှိချက်တွေကို မျိုးဆက်သစ်တွေအတွက် အမြဲမျှဝေပေးနေခြင်း (exchange sharing) စတဲ့ ဆောင်ရွက်ချက်တွေဟာ အနာဂတ်အတွက်ပါ စဉ်းစားပြီး အမြော်အမြင်ရှိရှိနဲ့ အလုပ်လုပ်နေကြခြင်းဖြစ်ပါတယ်။

အကြောင်းက အများကို အကျိုးကျေးဇူးဖြစ်ထွန်းစေတဲ့ရလဒ်ကောင်းတွေရနေဖို့နဲ့ အခြေအနေ၊ အချိန်အခါအလိုက် ပြောင်းလဲမှုအသစ်အသစ်တွေနဲ့ ဆက်တိုက်တိုးတက်နေမှသာ အမှန်တကယ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable development) ဆိုတာကို ရရှိလာနိုင်မှာဖြစ်လို့ပါပဲ။ ဒါကြောင့်လည်း Research and Development (R&D) ဆိုတာဖြစ်လာပြီး တိုးတက်ဖွံ့ဖြိုးမှုလမ်းကြောင်းမှာ သုတေသနပညာရဲ့ အရေးပါပုံနဲ့အတူ သုတေသနပညာရပ်နဲ့ ဖွံ့ဖြိုးမှုတို့ဟာ နီးနီးကပ်ကပ်ဆက်စပ်မှုရှိနေကြောင်း သိရှိလာနိုင်မှာဖြစ်ပါတယ်။

### ပညာခေတ်မှာ သုတေသနရဲ့ အရေးပါမှု

လူတိုင်း၊ အဖွဲ့အစည်းတိုင်း၊ ကမ္ဘာတစ်ဝန်းနိုင်ငံတိုင်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ ပါဝင်ပတ်သက်နေတဲ့ သုတေသနပညာရပ်ဟာ ဝိဇ္ဇာ၊ သိပ္ပံ ဘယ်လိုနယ်ပယ်မျိုးမှာမဆို ယနေ့ခေတ်မှာ မပါရင်မပြီးတော့တဲ့ အခြေအနေဖြစ်နေပါပြီ။ သီအိုရီအသစ်၊ အတွေးသစ်၊ အမြင်သစ်များကို လက်ခံခြင်း၊ မခံခြင်း၊ ထုတ်ကုန်အသစ်၊ ပစ္စည်းအသစ်၊ နည်းပညာအသစ်၊ အသစ်များ အသုံးတည့်ခြင်း၊ မတည့်ခြင်းက သုတေသနနဲ့ မပတ်သက်ဘဲနဲ့ ဘယ်လိုမှအဖြေမထွက်ပါဘူး။

မှန်၊ မမှန် လက်ဆုပ်လက်ကိုင်ပြနိုင်အောင် အထောက်အထားခိုင်ခိုင်လုံလုံနဲ့ သက်သေပြနိုင်ဖို့ သုတေသနပညာအကူအညီကို ရယူရသလို ရေရှည်တိုးတက်အောင်ကလည်း စဉ်ဆက်မပြတ် ပြုလုပ်ထားတဲ့ သုတေသနစာတမ်းက တွေ့ရှိချက်များကသာ အထောက်အကူပြုနိုင်တာ ဖြစ်ပါတယ်။ ဒီလောက်အရေးပါတဲ့ သုတေသနနယ်ပယ်နဲ့ ပတ်သက်တဲ့ မှန်ကန်တဲ့အသိအမြင်များနဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့အပတ် Naypyitaw State Academy ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံမှာ ပြောကြားခဲ့တဲ့ နိုင်ငံအကြီးအကဲရဲ့ အမှာစကားအချို့မှာ ထင်ဟပ်နေပုံကို သတိထားလိုက်မိပါတယ်။ နိုင်ငံအကြီးအကဲရဲ့ လမ်းညွှန်ချက်စကားလုံးတွေမှာ ယနေ့ပညာခေတ်ကြီးအပေါ် ကြောင်းကျိုးတရားဆက်စပ်မှုကိုရှာမှီးခြင်း သုတေသနပညာနဲ့ တင်စားသွားပုံများကို အကဲခတ်မိပါတယ်။

> **နိုင်ငံတစ်နိုင်ငံဟာ စီးပွားရေးအားကောင်းမှ ပညာ၊ ကျန်းမာ၊ လူမှုရေးကဏ္ဍတွေမှာ ဆက်တိုက်တိုးတက်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် စီးပွားရေးနဲ့ နိုင်ငံရေးစနစ်၊ စီးပွားရေးနဲ့ တည်ငြိမ်အေးချမ်းမှုကလည်း ဆက်စပ်နေပြန်ပါတယ်။ တည်ငြိမ်အေးချမ်းမှုမရှိရင် ကုန်သွယ်မှုအပိုင်းမှာထိခိုက်ပြီး တရားမဝင်ကုန်သွယ်မှုကြီးထွားလာခြင်းက ဥပမာပါ။ မြန်မာ့စီးပွားရေးမျက်နှာစာကိုကြည့်ရင် သယံဇာတ၊ လူ့စွမ်းအားအရင်းအမြစ်နဲ့ ပထဝီဝင်အချက်အချာအရ အားသာချက်များ ရှိပေမယ့် ငွေအရင်းအနှီး၊ နည်းပညာ၊ အဆက်အသွယ်နဲ့ ဆွဲဆောင်မှုမက်လုံးပိုင်းမှာ အားနည်းချက်များ ရှိဟန်တူပါတယ်။ ပြည်တွင်းသုံးစွဲမှုမှာ စားသုံးသူရဲ့ တကယ့်လိုအပ်မှုထက် မိမိလိုချင်တာကို ဦးစားပေးတတ်တဲ့ အမူအကျင့်ကလည်း အားနည်းချက်တစ်ခုပါပဲ။ ဒါ့ကြောင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း၊ အားနည်းချက်၊ အားသာချက်၊ အခွင့်အလမ်းနဲ့ စိန်ခေါ်မှုတွေကို အမြဲတွက်ချက်နေရန်လို**

### အရည်အသွေးရှိခြင်းနှင့် အသုံးချနိုင်စွမ်း

အကြီးအကဲရဲ့ မှာကြားချက်များမှာမှ အလေးအနက်ထားလိုက်မိတဲ့အချက်နှစ်ခုကို မှတ်သားမိပါတယ်။ အရည်အသွေးရှိတဲ့ သုတေသနစွမ်းဆောင်ချက် (Quality Research) ဆိုတာနဲ့ အသုံးချသုတေသန (Applied Research) ဆိုတဲ့ စကားရပ်နှစ်ရပ်အပေါ်မှာ ဖြစ်ပါတယ်။ သုတေသနတစ်ခုဟာ အရည်အသွေးမီတယ်ဆိုရာမှာ ရှုပ်ထွေးတဲ့ပြဿနာတွေကို နားလည်လက်ခံဖြေရှင်းနိုင်စွမ်းရှိပြီး သီအိုရီအသစ်အသစ်တွေ ဖော်ထုတ်ရင်းမှ သုတေသနတွေ့ရှိချက်တစ်ခုကို လက်တွေ့မှာ အသုံးချလိုက်လို့ တွေ့ရှိချက်အတိုင်း အောင်မြင်တယ်ဆိုရင် ထိုသုတေသနဟာ အရည်အသွေးရှိတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

နေ့စဉ်လူမှုဘဝမှာ ရင်ဆိုင်ရတဲ့ပြဿနာတွေအပေါ် အချက်အလက်တွေကို တိတိကျကျ သရုပ်ခွဲခြမ်းစိတ်ဖြာပြီး အခြေခံတွေ့ရှိချက်တွေကနေ လက်တွေ့နယ်ပယ်မှာ တိုက်ရိုက်အသုံးချနိုင်တဲ့ သုတေသနကိုတော့ အသုံးချသုတေသနအဖြစ် သတ်မှတ်ကြပါတယ်။ အရည်အသွေးရှိခြင်း၊ အသုံးချနိုင်စွမ်းရှိခြင်းတို့နဲ့ ပြည့်စုံခြင်းတို့ဟာ ယနေ့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတစ်ခုအဖြစ် ဦးတည် တည်ဆောက်ရာမှာ အရေးအကြီးဆုံး အချက်နှစ်ချက်အဖြစ် ယခုလိုကြားသိရခြင်းကပင် သုတေသနကိုအားပေးခြင်း သုတေသနရဲ့အသက်ဟုပင် ဆိုနိုင်ပါပြီ။

### ရည်မှန်းချက်နှစ်ရပ်နဲ့ သုတေသန

ဦးတည်သွားနေတာက တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးဆိုတဲ့ အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ်၊ MSME တွေအားပေးရင်းနဲ့ one region one product ဖြစ်ရမယ်လို့ တိုက်တွန်းထားပါတယ်၊ စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနိုင်ငံဆီသွားမယ်၊ ဒီနေရာမှာ တီထွင်ဖန်တီးနိုင်စွမ်းအားမြင့်မားစေမယ့် သုတေသနတွေ အားကောင်းမှဖြစ်မယ်ဆိုတဲ့အချက်ကို မီးမောင်းထိုးပြသွားတယ်။ မှန်လည်းမှန်ပါတယ်။ အရည်အသွေးမြင့်ပြီး အသုံးချနိုင်စွမ်းရှိတဲ့ သုတေသနတွေ့ရှိချက်တွေမှ တစ်ဆင့်သာ ထုတ်ကုန်အသစ်၊ နည်းပညာအသစ်တွေရရှိလာမှာ သေချာနေလို့ပါပဲ။

ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာတဲ့ ဖန်တီးမှုအသစ်တွေဟာ သုတေသနရဲ့အကျိုးကျေးဇူးတွေဖြစ်လာပါလိမ့်မယ်။ တကယ့်အကျိုးပြုသုတေသနတွေဟာ နိုင်ငံရဲ့ရှည်လျားတဲ့ ကမ်းရိုးတန်းက သား၊ ငါး၊ ပုစွန်၊ သယံဇာတ၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေကို အကောင်းဆုံးဖော်ထုတ်ပြီး အကျိုးရှိရှိအသုံးချနိုင်တဲ့အခြေအနေတွေဖြစ်အောင် ဖန်တီးပေးနိုင်ပါလိမ့်မယ်။

ဒါဆိုရင် ဖွံ့ဖြိုးတိုးတက်မှုနဲ့ သုတေသနဟာ အလွန့်အလွန်ဆက်စပ်နေတဲ့အတွက် ဖွံ့ဖြိုးဖို့ဆိုရင် သုတေသနကိုအားပေးရမှာ သေချာပါပြီ။ မဖြေရှင်းရသေးတဲ့ပြဿနာတွေ၊ မဖြေရှင်းနိုင်သေးတဲ့ ပြဿနာတွေ ဖြစ်နိုင်ခြေများတဲ့ အခြေအနေတွေနဲ့ ပြည့်နေတဲ့ ကျွန်တော်တို့နိုင်ငံမှာ နယ်ပယ်စုံမှာ သုတေသနပြုရမယ့် အကြောင်းရင်းတွေများစွာ ရှိနေတယ်ဆိုတာ မငြင်းနိုင်ပါဘူး။ ဖြစ်သင့်တာနဲ့ လက်ရှိဖြစ်နေတာတွေ မတူတဲ့အခါမျိုးမှာ အမှန်တကယ် အကြောင်းရင်းခံကို ရှာရမှာဖြစ်တဲ့အပြင် လက်ရှိဆောင်ရွက်ချက်တွေနဲ့လည်း ပတ်သက်ပြီး (data analysis) သရုပ်ခွဲဆန်းစစ်တဲ့အခါနဲ့ နောက်ဆုံးအဆင့် အကဲဖြတ်သုံးသပ်ခြင်း (evaluate) လုပ်တဲ့အခါ သုတေသနကိုပဲအခြေခံရပါမယ်။ ရလဒ်နဲ့ သက်ရောက်မှုကို ပြန်လည်ဆန်းစစ်တဲ့အခါ၊ အဲဒီကတစ်ဆင့် အသစ်တစ်မျိုးမျိုးရလာဖို့ လိုအပ်လာတဲ့အခါ သုတေသနဟာ လုပ်ကိုလုပ်ရမယ့်အခြေအနေများပဲဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။

### မှန်းဆချက်များအပေါ် သရုပ်ခွဲဆန်းစစ်နိုင်မှသာ

လူ့စွမ်းအားအရင်းအမြစ်နဲ့ သဘာဝသယံဇာတပေါကြွယ်ဝပါတယ်ဆိုတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်မှာ ဘာကြောင့် တိုးတက်မှုနှောင့်နှေးရပါသလဲဆိုတဲ့ ယူဆချက်၊ မှန်းဆချက်အမျိုးမျိုးအပေါ်မှာ စနစ်တကျသုတေသနပြုကြည့်မှသာ မှန်းဆချက်အများကြီးထဲက တကယ့်မှန်ကန်တဲ့အဖြေကို ရရှိလာပါမယ်။ အဖြေမှန်ရလာခြင်းက ဘယ်ကဏ္ဍကို ပိုပြီးဦးစားပေးအကောင်အထည်ဖော်သင့်သလဲ၊ ငွေဘယ်လောက်သုံးမလဲဆိုတဲ့ ဆုံးဖြတ်ချက်မှာပါ အထောက်အကူပြုပါတယ်။

ကိုယ့်ဘက်က မပြည့်စုံတာတွေ၊ အခြေအနေမပေးတာတွေရှိတဲ့အတွက် ကိုယ့်ဆီက ကုန်ကြမ်းကို ဈေးပေါပေါနဲ့ရောင်းခဲ့ရတဲ့ အခြေအနေမျိုးရှိခဲ့တာတွေကို အမှတ်ရမိကြမှာပါ။ ကုန်ကြမ်းကနေ ကုန်ချောပြောင်းနိုင်ပြီး အရည်အသွေးမီတဲ့ ကုန်ချောကို လိုအပ်တဲ့ဈေးကွက်ဆီ အရောက်ပို့နိုင်မှသာ ရည်မှန်းတဲ့ ပို့ကုန်တင်ပို့မှုဆီရောက်ရှိမှာဖြစ်ပါတယ်။ ကမ္ဘာမှာ သယံဇာတမည်မည်ရရ မရှိဘဲနဲ့တောင် ဘာကြောင့်ချမ်းသာနေကြလဲ၊ သယံဇာတလည်းရှိမယ်၊ ရှိနေတဲ့သယံဇာတကို ပညာနဲ့ပေါင်းစပ်နိုင်ခဲ့ခြင်းကြောင့်လား၊ ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ် (Good governance) လက္ခဏာရပ်တွေကြောင့်လား၊ လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံကြလို့လား၊ စီမံခန့်ခွဲမှုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စွမ်းရှိလို့လား ဆန်းစစ်ကြည့်ရင် သိသာတဲ့အချက်တွေ ထွက်ပေါ်လာမှာ သေချာပါတယ်။ တစ်ပါတည်း ငြိမ်းချမ်းရေး ရေခံမြေခံ မကောင်းဘဲ ညီညွတ်မှုမရှိ အပျက်အစီးများတဲ့ လူ့အဖွဲ့အစည်းတွေမှာ ရင်ဆိုင်နေရတဲ့ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ အနေအထားတွေနဲ့လည်း နှိုင်းယှဉ်သရုပ်ခွဲ ဆန်းစစ်ကြည့်နိုင်ပါတယ်။

နိုင်ငံတစ်နိုင်ငံဟာ စီးပွားရေးအားကောင်းမှ ပညာ၊ ကျန်းမာ၊ လူမှုရေးကဏ္ဍတွေမှာ ဆက်တိုက်တိုးတက်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် စီးပွားရေးနဲ့ နိုင်ငံရေးစနစ်၊ စီးပွားရေးနဲ့ တည်ငြိမ်အေးချမ်းမှုကလည်း ဆက်စပ်နေပြန်ပါတယ်။ တည်ငြိမ်အေးချမ်းမှုမရှိရင် ကုန်သွယ်မှုအပိုင်းမှာထိခိုက်ပြီး တရားမဝင်ကုန်သွယ်မှုကြီးထွားလာခြင်းက ဥပမာပါ။ မြန်မာ့စီးပွားရေးမျက်နှာစာကိုကြည့်ရင် သယံဇာတ၊ လူ့စွမ်းအားအရင်းအမြစ်နဲ့ ပထဝီဝင်အချက်အချာအရ အားသာချက်များရှိပေမယ့် ငွေအရင်းအနှီး၊ နည်းပညာ၊ အဆက်အသွယ်နဲ့ ဆွဲဆောင်မှုမက်လုံးပိုင်းမှာ အားနည်းချက်များရှိဟန်တူပါတယ်။ ပြည်တွင်းသုံးစွဲမှုမှာ စားသုံးသူရဲ့ တကယ့်လိုအပ်မှုထက် မိမိလိုချင်တာကို ဦးစားပေးတတ်တဲ့ အမူအကျင့်ကလည်း အားနည်းချက်တစ်ခုပါပဲ။ ဒါ့ကြောင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း၊ အားနည်းချက်၊ အားသာချက်၊ အခွင့်အလမ်းနဲ့ စိန်ခေါ်မှုတွေကို အမြဲတွက်ချက်နေရန် လိုပါတယ်။

### စားသုံးသူရဲ့ အလေ့အထ ဈေးကွက်ဥပမာနှင့် ယှဉ်၍

ဈေးကွက်မှာ စားသုံးသူရဲ့အကြိုက်၊ အလေ့အထ (Consumer behavior) မှာ ရာသီအလိုက် ဘာတွေစားတတ်သလဲ၊ ဘာတွေသုံးတတ်သလဲ၊ ဒေသအလိုက်အကြိုက် market analysis ခေါ်ပါမယ်၊

စာမျက်နှာ ၂၄ သို့

# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မြန်မာ့ရိုးရာထမနဲပွဲတော်၌ ပြိုင်ပွဲဝင်အသင်းပေါင်း ၂၈ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းတွင် ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်းပေါင်း ၂၈ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းထံမှ သိရသည်။

ဖေဖော်ဝါရီ ၂၃ ရက်(တပို့တွဲအဖိတ်နေ့) ညနေ ၄ နာရီတွင် အရှေ့ဘက်အောက်ပစ္စယာရှိ ထန်းပင်ကုန်းကွင်း၌ ရွှေတိဂုံစေတီတော် ဗုဒ္ဓဝေယျာဝစ္စအသင်းများ၊ အခွန်ထမ်းများ၊ မိတ်ဖက်အသင်းများနှင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံးဌာနများ ပါဝင်သောအသင်း ၂၈ သင်းတို့ဖြင့် ထမနဲထိုးပြိုင်ပွဲကိုကျင်းပမည်ဖြစ်ပြီး ည ၈ နာရီတွင် ဆုပေးပွဲအခမ်းအနားကို ထန်းပင်ကုန်းကွင်း၌ ကျင်းပမည်ဖြစ်ကာ ဆွမ်းတော်ကြီးပို့ အခမ်းအနားကို ချမ်းသာကြီးတန်ဆောင်း၌ ည ၇ နာရီမှ ၁၀ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ထို့နောက် ဖေဖော်ဝါရီ ၂၄ ရက် (တပို့တွဲလပြည့်နေ့) နံနက် ၅ နာရီတွင်ချမ်းသာကြီးတန်ဆောင်း၌ စေတီတော်ကြီးအား ထမနဲဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းခြင်းနှင့် ဩဝါဒပါတိမောက်အခါတော်နေ့အခမ်းအနားကျင်းပခြင်း၊ နံနက် ၅ နာရီခွဲတွင် ရောင်တော်ဖွင့်တန်ဆောင်း၌ ဘုရားအမှူးပြုသော သံဃာတော် ၆၄ ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ နံနက် ၆ နာရီတွင် ရေးဟောင်းတန်ဆောင်းမှ လက်ယာရစ်ချမ်းသာကြီးတန်ဆောင်းအထိ ထမနဲဆွမ်းတော်ကြီး လောင်းလှူခြင်းနှင့် နံနက် ၇ နာရီတွင် ချမ်းသာကြီးတန်ဆောင်း၌ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါထမနဲထိုးပြိုင်ပွဲအတွက် အထူးအလှူခံမဏ္ဍပ်ဌာနကို ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ဖွင့်လှစ်ထားရာ ရဟန်းရှင်လူပြည်သူအများပါဝင် ကုသိုလ်ပြုနိုင်ပါရန်နှင့် ဆွမ်းဆန်စိမ်းများလောင်းလှူနိုင်ပါရန် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က နှိုးဆော်ထားကြောင်း၊ ထမနဲဒယ်အလိုက် လှူဒါန်းလိုပါက ထမနဲတစ်ဒယ်လျှင် ငွေကျပ် ၆၅၀၀၀ နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ပြီး ဒယ်အလိုက် ပါဝင်ကုသိုလ်ယူလှူဒါန်းကြသည့် အလှူရှင်များအား ထမနဲလေးပုံတစ်ပုံကို လက်ဆောင် ပြန်လည်ပေးအပ်မည်ဖြစ်ကာ ကျန်ရှိထမနဲများအား ဘုရားဖူးလာ အများပြည်သူများအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# လှည်းကူးပညာရေးဒီဂရီကောလိပ်၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ်တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲပိုင်းက လှည်းကူးပညာရေးဒီဂရီကောလိပ် အားကစားကွင်း၌ ကျင်းပသည်။



**ပြိုင်ပွဲအားစတင်**

ဦးစွာ လှည်းကူးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲအား စတင်ခဲ့သည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲတွင် ကျောင်းကောင်စီအသင်း ငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိကြသော အသင်းများအား ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး ကျောင်းသားကျောင်းသူများက တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ကပြဖျော်ဖြေခဲ့သည်။ ထမနဲထိုးပြိုင်ပွဲသို့ လှည်းကူးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးခင်ဇော်၊ ဌာနဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ ပြည်ထောင်စုနေ့ဂုဏ်ပြု ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ ဒုတိယအကြိမ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က မင်္ဂလာဒုံမြို့နယ်ရှိ Dagon City Golf Resort တွင် ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ ပြည်ထောင်စုနေ့ဂုဏ်ပြု ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) နှင့် ညီနောင်လေကြောင်းလိုင်းဖြစ်သည့် Mingalar လေကြောင်းလိုင်းမှ ဂေါက်သီးရိုက်ကစားသမားများ၊ မြန်မာနိုင်ငံအတွင်းရှိ လေကြောင်းလိုင်းများမှ ဂေါက်သီးရိုက်အားကစားသမားများ၊ လေကြောင်းလိုင်းနှင့်ဆက်စပ်လျက်ရှိသည့် ဌာနအသီးသီးမှ ဂေါက်သီးရိုက်အားကစားသမား စုစုပေါင်း ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို Dagon City Golf Resort ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲအတွင်း Nearest Pin ဆုရရှိသူ နှစ်ဦး၊ Nearest Line နှင့် Longest Drive ဆုရရှိသူ နှစ်ဦး၊ အသင်းလိုက်ဆုရရှိသည့် အသင်းလေးသင်းမှ အားကစားသမား ၁၆ ဦးတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ပြည်ထောင်စုနေ့ဂုဏ်ပြု ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၂၃ ခုနှစ်တွင် စတင်ကျင်းပပြီး ယခုနှစ်တွင် ထပ်မံကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး**

# တရုတ်-မြန်မာ ချစ်ကြည်ရေး အမျိုးသားအလွတ်တန်း စားပွဲတင်တင်းနစ် ဖိတ်ခေါ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၂၄ ခုနှစ် ရွှေနဂါးနှစ် နွေဦးပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် တရုတ်-မြန်မာချစ်ကြည်ရေး အမျိုးသားအလွတ်တန်းစားပွဲတင်တင်းနစ် ဖိတ်ခေါ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ထံမှ သိရသည်။

တရုတ်-မြန်မာ ချစ်ကြည်ရေး အမျိုးသားအလွတ်တန်း စားပွဲတင်တင်းနစ် ဖိတ်ခေါ်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏမိုးလုံလေလုံအားကစားကွင်း (၁) ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ကစားသမားစုစုပေါင်း ၁၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲအား နိုင်ငံတကာစားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသည် စားပွဲတင်တင်းနစ်ကို လူအများစိတ်ဝင်စားမှု ပိုမိုရှိလာပြီး မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ထားကြောင်း သိရသည်။ လူငယ်ကစားသမားများသည် ကျွမ်းကျင်သော နိုင်ငံ့အားကစားသမားများ၏ ကစားဟန်နှင့် နည်းစနစ်ကောင်းများကို လူငယ်ကစားသမားများလေ့လာ သိရှိလာစေရန်ဖြစ်ကြောင်း အဖွဲ့ချုပ်ထံမှ သိရသည်။

**မျိုးမင်းသူရ**

❒ စာမျက်နှာ ၂၃ မှ

ဘယ်သူတွေက ဘယ်လို၊ ဘယ်အချိန်မှာ၊ ဘာကြောင့်ဝယ်လေ့ရှိကြသလဲ စသဖြင့် ဈေးကွက်သဘာဝကို သုတေသနပြုထားချက်တွေ ရှိရပါမယ်။ အိမ်နီးချင်းနိုင်ငံတွေဟာ နိုင်ငံအလိုက်က ရာသီပွဲတော်အလိုက်မှာ (ဥပမာ - သင်္ကြန်ကာလ၊ သီတင်းကျွတ်ကာလ စသည်ဖြင့်) သုံးစွဲသူအကြိုက်၊ ဝင်ငွေအနိမ့်အမြင့်အလိုက် (ကော်ဖီမစ်မှသည် မိုဘိုင်းဖုန်းအထိ)ကို သုတေသနပြုပြီး သူတို့ထုတ်ကုန်ပစ္စည်းတွေကို တင်ပို့ကြကြောင်း မှတ်သားဖူးပါတယ်။

ကျွန်တော်တို့ဆီမှာ လယ်သမားတွေဆီကွင်းဆင်းအသံနားထောင်တဲ့ survey မျိုးရှိခဲ့ရင် ဓာတုဆေးဝါး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ အလွန်အကျွံသုံးစွဲမှုမျိုးတွေကို တတ်နိုင်သမျှရှောင်ကြဉ်နိုင်မှာဖြစ်ပြီး သုံးစွဲပုံ သုံးစွဲနည်း နည်းပညာကအစ မျှဝေဖြစ်သွားနိုင်ပါတယ်။ လိုအပ်ချက်နဲ့ ထုတ်လုပ်နိုင်မှု၊ ဥပမာ-စားသုံးဆီလိုအပ်ချက်နဲ့ စိုက်ပျိုးမှုပမာဏ ကွာခြားချက်ကို စဉ်ဆက်မပြတ် ဖော်ထုတ်လာနိုင်ပါမယ်။ ကျွန်တော်တို့ဆီမှာ MPA, MPP, M.Dev စသည့် မဟာသင်တန်းများစွာမှာ သင်တန်းသားတွေ ပြုစုရေးသားခဲ့တဲ့ စီးပွားရေး၊ စိုက်ပျိုးရေး၊ ဈေးကွက်သုတေသနစာတမ်းတွေကို လက်တွေ့အသုံးချပြီး အချို့သောပြဿနာတွေကို အဖြေရှာကြည့်နိုင်ပါတယ်။

စားသုံးသူရေးရာက ထုတ်ဝေတဲ့စာတမ်းတစ်ခုမှာ ဒူးရင်းသီးအစားများတဲ့ တရုတ်နိုင်ငံကို အလုံးအရင်းနဲ့ အောင်အောင်မြင်မြင်တင်ပို့နေတဲ့ ဗီယက်နမ် ဒူးရင်းသီးအကြောင်း ဖတ်ခဲ့ဖူးပါတယ်။ ပထမဆုံးတင်ပို့တဲ့ ၂၀၂၃ ခုနှစ် တစ်နှစ်တည်းမှာတင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံဖိုးအထိ တင်ပို့ခဲ့တယ်လို့ဆိုပါတယ်။ ဗီယက်နမ်က ထိုင်းထက်ဈေးပိုသက်သာလို့လား၊ ပိုအရသာရှိတဲ့ ဗီယက်နမ် ဒူးရင်းသီးတွေကို တရုတ်တွေ ပိုကြိုက်ကြလို့ဖြစ်နိုင်ပါတယ်။ ဈေးပွဲတော်များ အခါအားလျော်စွာပြုလုပ်နိုင်ခြင်း၊ အကောက်ခွန်ရှင်းလင်းရေးမှအစ မပျက်စီး၊ မပုပ်သိုး၊ ထုပ်ပိုးမှုခေတ်မီအောင်၊ ဈေးသက်သာအောင်လုပ်ထားတဲ့ ဆန်းသစ်တီထွင်မှုတွေဟာ ပို့ကုန်ဈေးကွက်မှာ နေရာရလာခြင်းရဲ့ စံနမူနာတစ်ခုပါပဲ။

ဥပမာတစ်ခုအနေနဲ့ မြန်မာနိုင်ငံမှာလည်း ဈေးကွက်တောင်းဆိုချက်အရ ထောပတ်သီးနှံကို ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်နေကြောင်း သိရပါတယ်။ ပို့ကုန်တင်ပို့တဲ့နေရာမှာ ယှဉ်ပြိုင်ဘက်ရဲ့အနေအထား (Competitive analysis) ကိုလည်း ဆန်းစစ်သုတေသနပြုရပါမယ်။ အထက်ပါ ဒူးရင်းသီးတင်ပို့မှုမှာဆိုရင် ကမ္ဘာမှာ အများဆုံးဒူးရင်းသီးတင်ပို့တဲ့ ထိုင်းကို ဗီယက်နမ်ဟာ ယှဉ်နိုင်ခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် သုတေသနပညာရပ်ဟာ အလွန်အရေးကြီးတဲ့ ဖွံ့ဖြိုးမှုဆိုင်ရာ နယ်ပယ်တစ်ခုဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ အခြားနိုင်ငံတွေနဲ့ယှဉ်ရင် အစစအရာရာ နောက်ကျနေတဲ့ အခြေအနေမှာ အားလုံးညီညွတ်ရေးနဲ့ တည်ငြိမ်ရေးဟာ အရေးကြီးသလို အချို့ခက်ခက်ခဲခဲလုပ်နေရတဲ့နေရာမှာ လွယ်လွယ်ကူကူ၊ ရိုးရိုးရှင်းရှင်းနဲ့ လုပ်ဆောင်သွားနိုင်မယ့် နည်းလမ်းမျိုးမှာ သုတေသနပညာက အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။

ယနေ့သုတေသနတွေကို စနစ်တကျလုပ်လာနိုင်ပြီဆိုရင် အကြောင်းကြောင်းကြောင့် အကျိုးဖြစ်တာမျိုး၊ အကြောင်းနဲ့အကျိုး ဆက်စပ်မှုမျိုးတွေကို ဖော်ထုတ်လာနိုင်မှာ သေချာပါတယ်။ တတ်မြောက်ထားတဲ့ သုတေသနပညာအပေါ်မှာ အသုံးလည်းချဆင်ခြင်မှုလေးပါ ပေါင်းစပ်လိုက်ရင်တော့ ပိုပြီးအဓိပ္ပာယ်ပြည့်ဝတဲ့ ပညာအဆင့်တွေဖြစ်လာပါပြီ။ အကြောင်းနဲ့ အကျိုးသဘောတရားအပေါ် အသုံးချဆင်ခြင်နိုင်စွမ်းကတစ်ဆင့် အပြုသဘောမြင်ပေးတာတွေ၊ အကောင်းမြင်သဘောထားတွေမှာပါ တိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။

သူများပြောတဲ့အမြင်မှာ မှန်းဆတတ်လောက်ရုံနဲ့ မပြီးစေဘဲ အရာရာကို သုတေသနအမြင်နဲ့ ကြည့်ပေးခြင်းဖြင့်လည်း သက်ရောက်မှုတိုင်းမှာ အပေါင်းလက္ခဏာဆောင်လာမယ်ဆိုတာ ပြောရဲပါတယ်။ အရေးကြီးဆုံးတစ်ချက်က အခုလို အလေးအနက်ထား အားပေးခြင်းခံရတဲ့ သုတေသနကို အခွင့်အလမ်းတစ်ခုအဖြစ်အသုံးချပြီး အသုံးချသုတေသနတစ်ခုအဖြစ် အခက်အခဲတွေကို ထိထိရောက်ရောက်ဖြေရှင်းပေးနိုင်ဖို့ပါပဲ။ သို့မှသာ အလုပ်ကို အဖြစ်မလုပ်ဘဲ အလုပ်ဖြစ်အောင် လုပ်ရာရောက်မှာဖြစ်ပြီး အကောင်းဆုံးသော ရလဒ်များ ထွက်ပေါ်လာရေးမှာ သေချာမှုရှိမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

## လုပ်ငန်းအတွေ့အကြုံမရှိသူ လူငယ်များ စီးပွားစီမံခန့်ခွဲမှုဆိုင်ရာသင်တန်း အခမဲ့တက်ရောက်ခွင့်ရမည့်အပြင် မြန်မာ့ခရီးသွားဘဏ်တွင်ပါ အလုပ်လုပ်ကိုင်ခွင့် ရရှိနိုင်မည့်အစီအစဉ် ဆောင်ရွက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

လုပ်ငန်းခွင်အတွေ့အကြုံမရှိသူ လူငယ်များအနေဖြင့် စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းကို အခမဲ့တက်ရောက်ခွင့်ရမည့် အပြင် မြန်မာ့ခရီးသွားဘဏ်တွင်ပါ အလုပ်လုပ်ကိုင်ခွင့် ရရှိနိုင်မည့်အစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း Kudos To You Professional Development Academy မှ Chief Trainer and Founder ဦးကောင်းငြိမ်းစိုးကပြောသည်။

**အခမဲ့သင်ယူခွင့်ရရှိမည်**

ထိုသို့ဆောင်ရွက်ရန်အတွက် မြန်မာ့ခရီးသွားဘဏ်မှ တာဝန်ရှိသူများနှင့် Kudos To You Professional Development Academy တို့ကြား MoU လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်းလည်းသိရကာ ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု နယ်ပယ်တွင် အလုပ်လုပ်ကိုင်လိုသူများအတွက် လိုအပ်သည့်အခြေခံကျွမ်းကျင်မှုများ၊ လုပ်ငန်းခွင် အတွေ့အကြုံများကို အခမဲ့သင်ယူခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

"အသက်အရွယ်အနေနဲ့က ၁၈ နှစ်မှ ၂၅ နှစ်အထိပါ။ အနိမ့်ဆုံးတက္ကသိုလ်ဝင်တန်း တက်ရောက်ဖူးသူဖြစ်ရမယ်။ ဒီ projectက တော့ ၂၀၂၄ မှာ ပထမဆုံးပေါ့။ ကျွန်တော်ကိုဗစ်မတိုင်ခင်တုန်းက Followership program လုပ်ခဲ့ဖူးတယ်။ အဲဒီတုန်းကတော့ sholarship မပါဘဲ တိုက်ရိုက်လုပ်တာပေါ့။ အခုကျတော့ မြန်မာ့ခရီးသွားဘဏ်အတွက် ဝန်ထမ်းတွေလိုလို့ သူတို့က Sponsor ပေးတာ။ မကြာခင်မှာ ဒီ Program တွေကို ဆက်ပြီးသွားမယ်။ တခြားကုမ္ပဏီတွေ အတွက်ပါ လုပ်ပေးပါလိမ့်မယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ Kudos To You ၏ Followership သင်တန်းတွင် လုပ်ငန်းခွင်ဝင်ရောက်ရန်လိုအပ်သည့် Sales ၊ Marketing နှင့် Service ကို အဓိကထား လေ့ကျင့်ပေးမည်ဖြစ်ပြီး Admin၊ HR Finance Knowledge များ၊ Ethics and Etiquette ပိုင်းဆိုင်ရာများကိုပါ နာရီ ၄၀ လေ့ကျင့်ပေးသွားမည်ဖြစ်ကာ အလုပ်သင်ကာလအဖြစ် ရက်ပေါင်း ၃၀ တိတိကို မြန်မာ့ခရီးသွားဘဏ်၌ လေ့ကျင့်သင်တန်းဆင်းရမည်ဟုသိရကာ ထူးချွန်သူများကို အဆိုပါဘဏ်ကအလုပ်ခန့်ပေးမည်ဖြစ်သည်။

"အတွေ့အကြုံမရှိလို့ အလုပ်မရတာမျိုး မဖြစ်ရအောင်စီစဉ်ပေးတာပါ။ လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုကောင်းလာတယ်။ သင်တာလည်းတစ်ပတ်လောက်သင်မယ်။ internship က တစ်လလောက်ဆင်းရမယ်။ ပြီးရင် စာမေးပွဲတွေ စစ်ဦးမှာ။ သေချာစိစစ်ပြီးမှ လွှတ်မှာပါ"ဟု ဦးကောင်းငြိမ်းစိုးက ပြောသည်။

ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်လိုစိတ် ပြင်းပြသည့် သင်ယူလိုစိတ်ရှိသော လူငယ်များ လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်ထားသူများအား လူတွေ့စစ်ဆေးရွေးချယ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**MT**

## တီးတိန်မြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

**တီးတိန် ဖေဖော်ဝါရီ ၁၂**

ချင်းပြည်နယ် တီးတိန်မြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စံကိုက်ညီကျောင်းဆောင်တန်းစီကွင်း၌ ယနေ့နံနက် ၇ နာရီက ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက ဖတ်ကြားခဲ့ကြောင်း သိရသည်။

**မိုးမိုး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၉၆)၊ Golden Rose Condo ရှိ အခန်းအမှတ် (10-C)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၁၀၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအား ဦးပြည့်ဖြိုးလွင် (၉/မခန (နိုင်) ၁၁၉၇၇၀)မှ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမြအောင် (အောင်ကြီး)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၉၁၃)
အမှတ်(၇၃)၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း- ၀၉၅၁၅၁၂၄၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ သင်ပန်းကုန်းရပ်ကွက်၊ သင်ပန်းကုန်းလမ်း၊ အကွက်အမှတ်(၆၀၂)၊ ဦးပိုင်အမှတ်[၁၅၃+၁၅၅(က)]၊ ဧရိယာ(၀.၄၈၄ဧကေ)အကျယ်အဝန်းရှိသော မြို့မြေအမျိုးအစားမြေကွက်သည် မူလက ဒေါ်ခင်မေအေး၊ ဒေါ်ခင်မေစန်း၊ ဒေါ်လှလှသန်းတို့ ပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့ထံမှ (၁၄-၁-၂၀၁၃)ရက်နေ့တွင် ဦးလှကျော် (ဘ-ဦးပေါလှိုင်) [၉/အမရ(နိုင်)၁၂၀၀၀၄]က အရပ်ကတိစာချုပ်ဖြင့် ချုပ်ဆိုဝယ်ယူခဲ့ပါသည်။ တစ်ဖန် ဦးလှကျော်ထံမှ (၁၂-၇-၂၀၁၃)နေ့တွင် ဒေါ်မိုးစန္ဒာ [၁၀/မလမ(နိုင်)၀၂၈၄၆၇]နှင့် ဒေါ်စန္ဒာ[၁၀/မလမ(နိုင်)၀၃၁၄၉၇]တို့က အရပ်ကတိဖြင့် ထပ်မံဝယ်ယူခဲ့ရာမှ (၂၈-၁-၂၀၁၄)နေ့ရက်စွဲပါ ကျမ်းကျိန်ချက်မှတ်ပုံတင်အမှတ် ၉၅/၂၀၁၄ ပါ ကျမ်းကျိန်လွှာအရ ဒေါ်မိုးစန္ဒာတစ်ဦးတည်းသာ ပိုင်ဆိုင်ပြီး ခင်ပွန်းဖြစ်ခဲ့သူ ဦးစိုးအောင်အမည်ဖြင့် (၁၀-၆-၂၀၁၄)ရက်နေ့တွင် မန္တလေးမြို့တော်စည်ပင်မှချထားပေးသော မြေငှားဂရန်စာချုပ်အား မြေငှားစာချုပ်အမှတ်(၀၁၆၃၂၃/၂၀၁၄-၂၀၁၅)အမှုတွဲအမှတ်(၀၀၉၅/၂၀၁၄- ၂၀၁၅)ဖြင့် ရရှိပိုင်ဆိုင်လာခဲ့ကြောင်း၊ ထိုဂရန်မူရင်းပါမြေကွက်နှင့်မြေပေါ်ရှိ နှစ်ထပ်အာစီအဆောက်အဦအပါ အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံးကို ဒေါ်မိုးစန္ဒာမှ တရားဝင်ပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန်အလို့ငှာ အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိထွန်းမှလည်း အပြီးအပိုင်ဝယ်ယူရန် သဘောတူခဲ့ကြပြီး ရောင်းချတန်ဖိုးအနက်မှ အာမခံစရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေ၍ စရန်ပေးစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မူရင်းပါမြေနှင့်နေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၀ရက်(ဆယ်ရက်)အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကြော်ငြာပါ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ပြီး ဂရန်အမည်ပြောင်းဆိုင်ရာ ကိစ္စရပ်များ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဒေါ်အိအိထွန်း | ဦးရဲထွန်း LL.B,D.B.L,D.M.L,D.A.Psy<br>တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၄၀)<br>ဦးကြည်လင်းထွဋ် LL.B,D.B.L,D.M.L,D.I.L<br>တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၉၁၃)<br>အမှတ်(၄၈၇)၊ မြေညီထပ်၊ အောင်ဇမ္ဗူလမ်း၊<br>ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ |

## "အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ရပ်ကွက်၊ ရတနာသိဒ္ဓိလမ်း၊ အမှတ် -၅၀၉ နေထိုင်သူ ဒေါ်ခင်နှင်းဆီ(ခ)ဒေါ်ခင်နှင်းကြည် [၁၂/တမန(နိုင်)၀၈၁၃၈၄] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်နှင်းဆီ(ခ)ဒေါ်ခင်နှင်းကြည်မှ "၂၂-၂-၂၀၂၃" "၁၀-၃-၂၀၂၃""၁၃-၁-၂၀၂၄" ရက်နေ့များတွင် ကတိပဋိညာဉ်များပြုလုပ်၍ ဝယ်ယူထားသော ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ကြီးပွားရေးတောင်ပိုင်း၊ မြေကွက်အမှတ်- ၂၁၄(က)၊ အကျယ်အဝန်း အလျား xအနံ (၂၀x၆၀) ပေ၊ ဧရိယာ အကျယ်အဝန်း (၀.၀၂၇၅) ဧက၊ (၁၂၀၀) စတုရန်းပေ သွပ်ဝိုင်းကြီးရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၂၁၄ (က) မြေကွက်အား (၃၀-၄-၂၀၂၄)၌ ငွေအကျေပေးချေရန် ပဋိညာဉ်ပါအချက်များဖြင့် သတ်မှတ်ထားပြီးဖြစ်သဖြင့် အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်နှင်းဆီ (ခ) ဒေါ်ခင်နှင်းကြည်မှ (၃၀-၄-၂၀၂၄) ရက်နေ့တွင် မပျက်မကွက် ငွေအကျေပေးချေမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်အရောင်း အဝယ်နှင့်ပတ်သက်၍ ထပ်မံ၍ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး၊ ပြုလုပ်သူအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်နှင်းဆီ(ခ)ဒေါ်ခင်နှင်းကြည်နှင့်ပြုလုပ်ထားသော ပဋိညာဉ်များအား ပယ်ဖျက်ထားခြင်းမရှိသဖြင့် အခြားဝယ်သူများအနေဖြင့် ရောင်းမှားဝယ်မှား မဖြစ်စေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်နှင်းဆီ(ခ)ဒေါ်ခင်နှင်းကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်နှင်းမြတ်(LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၃၄)(၂၇-၁-၂၀၁၅)**
**အမှတ်-၇၈၈(ဘီ)၊ ဇဋ္ဌိလ(၄)လမ်း၊ ၁၆/၁ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၆၇၇၆၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၆၁၊ ဦးပိုင်အမှတ်(၆+၇+၁၂+၁၃)/၅၂ x ၅၃လမ်းကြား၊ ဗထူး x အောင်ဆန်းလမ်းကြားရှိ ဒေါ်ခင်မျိုးမြင့်အမည်ပေါက်ဂရန်မြေကွက်အား ဖခင် ဦးချစ်ဖေ၊ မိခင် ဒေါ်ခင်မျိုးမြင့်တို့ကွယ်လွန်၍ ကျန်ရစ်သောတစ်ဦးတည်းသောသားဖြစ်သူ ဦးအေးချို [၉/အမရ(နိုင်)၀၂၆၄၉၃]က မြေချထားမိန့်မူရင်း၊ လမ်းဖိုး၊ မြေဖိုး၊ ဂရန်မူရင်းတို့မှာ လက်ဝယ်တွင်အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု - ငါးဆူတောင် ကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့်အမည် -၉၆၅/အင်ဂပိုကွင်း၊ ဦးပိုင်အမှတ် ( - )၊ မြေမျိုးနှင့်အတန်း - မြေလွတ်မြေရိုင်း၊ ဧရိယာ (၁.၀၀) ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး**တို့သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့၊ လှည်းကူးမြို့၏ စာအမှတ်-၂၀၂/၃-၃/ တဝတ အရ ဦးကျော်စိုး (အက်စ်/အိုကေအေ -၀၇၆၁၇၀) အမည်ဖြင့် "စက်မှုလက်မှုလုပ်ငန်း တည်ထောင် ဆောင်ရွက်ခွင့်ပြုချက်ရ" မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ပိုင်ရှင်ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် -၁၅၇၇၂/၂၀၁၉ ရရှိထားသူ ရောင်းသူ ဦးခင်မောင်ထွဋ် [၁၂/ဥကတ(နိုင်) ၀၄၈၁၄၉] မှ အရှုပ်အရှင်း ကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိသည့်မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ အနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၅၁) လမ်းနှင့် (၅၂) လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

**လက်ကီးဘောဘီ**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-951850933

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၀)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ မဉ္ဇူလမ်း၊ ခြံအမှတ် (E-4)၊ မြေကွက်အမှတ် (၄၈)၊ အကျယ်အဝန်း (၈၀ပေ × ၈၀ပေ)ရှိ ဒေါ်ခင်ခင်ဝင်း (ခ) ဒေါ်ခင်စောဦး (၃/ဘအန (နိုင်) ၀၀၈၇၀၇) (ISN-၂၃၉၇၀၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ခင်ဝင်း (ခ) ဒေါ်ခင်စောဦး ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေအမိန့် ၁နှင့်၅)
### မင်္ဂလာဒုံခရိုင်တရားရုံး
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁

| | | |
|---|---|---|
| ကောင်းဇော်ဟိန်းကုမ္ပဏီလီမိတက်<br>(၎င်း၏ကိုယ်စားဒုတိယအုပ်ချုပ်မှု<br>ဒါရိုက်တာ ဦးအောင်အောင်) | နှင့် | ၁။ ကိုဘိုးဆိတ်<br>၂။ မကြည် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ကွင်းအမှတ်-၅၃၀/အေ၊ ဦးပိုင်အမှတ်-၄၅၊ နွယ်ခွေကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) (၁) တရားပြိုင်ကိုဘိုးဆိတ်နှင့် (၂)တရားပြိုင် မကြည်တို့ သိစေရမည်။

သင့်အပေါ်၌ "တရားလို ကုမ္ပဏီအမည်ဖြင့် အမည်ပေါက်ရရှိထားသော မြေကွက်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု" ကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ရက်နေ့ နံနက် ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲ ဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ရက်နေ့တွင် ဤရုံးတော်တံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးအေးသိန်း)
ဒုတိယခရိုင်တရားသူကြီး(၁)
မင်္ဂလာဒုံခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေအမိန့် ၁နှင့်၅)
### မင်္ဂလာဒုံခရိုင်တရားရုံး
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉

| | | |
|---|---|---|
| ကောင်းဇော်ဟိန်းကုမ္ပဏီလီမိတက်<br>(၎င်း၏ကိုယ်စား ဒုတိယအုပ်ချုပ်မှု<br>ဒါရိုက်တာ ဦးအောင်အောင်) | နှင့် | ၁။ ကိုသန်းမောင်<br>၂။ ဒေါ်ပန်းလှိုင် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ကွင်းအမှတ်-၅၃၀/အေ၊ ဦးပိုင်အမှတ် -၄၆၊ နွယ်ခွေကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) (၁) တရားပြိုင် ကိုသန်းမောင် နှင့် (၂)တရားပြိုင် ဒေါ်ပန်းလှိုင်တို့ သိစေရမည်။

သင့်အပေါ်၌ "တရားလို ကုမ္ပဏီအမည်ဖြင့် အမည်ပေါက်ရရှိထားသော မြေကွက်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု"ကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ရက်နေ့ နံနက် ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၈ရက်နေ့တွင် ဤရုံးတော်တံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးအေးသိန်း)
ဒုတိယခရိုင်တရားသူကြီး(၁)
မင်္ဂလာဒုံခရိုင်တရားရုံး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်း
## (SMVTI)
## သင်တန်းသားသစ်များခေါ်ယူခြင်း

(၁) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၁၆)နှစ်နှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်သည်။

(၂) သင်တန်းကာလ(၆)လကို ပြီးဆုံးသည့်အထိ တက်ရောက်ရမည်ဖြစ်ပြီး၊ အောင်မြင်ပါက သင်တန်းပြီးစီးကြောင်း အသိအမှတ်ပြု အောင်လက်မှတ်(Certificate)ရရှိပါမည်။

(၃) ခေတ်မီ Lab ပစ္စည်းများ အသုံးပြု၍ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးပါမည်။

(၄) Hospitality & Tourism နှင့် Engineering & Technology ဘာသာရပ်များအတွက် လုပ်ငန်းခွင် ကျွမ်းကျင်သော သင်တန်းသား၊ သင်တန်းသူများ မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။

(၅) နည်းပညာနှင့်သက်မွေးပညာ လုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သင်တန်းပြီးဆုံးပါက သက်ဆိုင်သော လုပ်ငန်းခွင်သို့ဝင်နိုင်မည့် သင်တန်းသား/သူများကို ဦးစားပေးပါမည်။

(၆) လျှောက်ထားရာတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ကြောင်း အောင်လက်မှတ်မိတ္တူ၊ အမှတ်စာရင်းမိတ္တူ၊ ပတ်(စ်)ပို့ ဓာတ်ပုံ (၁) ပုံ၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်း ထောက်ခံစာမူရင်း တို့နှင့်အတူ ပူးတွဲလျှောက်ထားရမည် ဖြစ်ပါသည်။

(၇) လျှောက်ထားသည့်အချိန်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ကြောင်း အောင်လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်း တို့အား (တိုက်ဆိုင်စစ်ဆေးရန်အတွက်) တစ်ပါတည်းတင်ပြနိုင်ရမည်။

(၈) လျှောက်ထားသူများ Interview ဖြေဆိုရပါမည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

**Course for Hospitality & Tourism (12th Batch)**

1. Front Office Operations
2. Housekeeping Operations
3. Restaurant Operations

**Courses for Engineering & Technology (11th Batch)**

1. Electrical Technology
2. Electronics
3. Residential Air–Conditioning
4. Building Fixtures and Equipment
5. Mechatronics (Basic Servicing)
6. General Welding

သင်တန်းဖွင့်လှစ်မည့်ရက် - ၂၀၂၄ ခုနှစ်၊ မေလ(၂)ရက်

သင်တန်းနေရာ - စင်ကာပူ-မြန်မာသက်မွေးပညာ သင်တန်းကျောင်း၊ အမှတ်-၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဆက်သွယ်စုံစမ်းရန်ဖုန်း - ၀၉-၇၈၁၀၀၂၅၇၂

[လျှောက်ထားခြင်းကို (၁၃-၂-၂၀၂၄) ရက်နေ့မှ (၁၅-၃-၂၀၂၄) ရက်နေ့အထိ နံနက် (၉:၃၀) နာရီမှ ညနေ (၄:၀၀) နာရီအတွင်း လျှောက်ထားနိုင်ပါသည်။]

မှတ်ချက်။ အစိုးရရုံးပိတ်ရက်များပိတ်မည်ဖြစ်ပါသည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၆၊ ဦးပိုင်အမှတ်(၉)/၆၆ လမ်း၊ ၁၃၄ x ၁၃၅ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၈၁/၉၂-၉၃)အရ ဦးတင်မောင်[၉/မနမ (နိုင်) ၀၂၀၀၇၂]၊ BMO-၀၉၀၇၁၃ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးမောင်မြင့်[၉/မရမ(နိုင်)၀၇၁၇၆၀]မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ခခ-၄၊ ဦးပိုင်အမှတ်(၃၃)၊ ၅၆-အေလမ်း၊ ၁၀၂ x ၁၀၂အေ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချယ်ရီ၏(S.P ရရှိသူ ဒေါ်အေးအေးမိန်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၂၄၀/၂၀၂၃)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ခင်ခင်ဝင်း[၁၃/လရန(နိုင်)၁၀၇၁၂၀]က အမှုတွဲအမှတ်-၇၀၉၅/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## EXELTIS MYANMAR LIMITED
### Appointment of the liquidator of the company Pursuant to section 152(a)of the Insolvency Law and Rule 15 of the Insolvency Rules (Members' Voluntary Winding Up)

At the Special General Meeting of the Company held on 2 Feb 2024 at Level 10, Unit 01-05, Junction City Office Tower, Corner of Bogyoke Aung San Road and 27th Street, Pabedan Township, Yangon, Myanmar a Special resolution was passed to place the Company into Voluntary liquidation. For carrying out the liquidation, Daw Thida Cho Win NRC number 5/Nga Za Na (Naing) 038662 was appointed as liquidator/Insolvency Practitioner on 7 Feb 2024.

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂ ရက်နေ့တွင် ဗိုလ်ချုပ်လမ်းနှင့် ၂၇ လမ်းထောင့်၊ ၁၀ လွှာ၊ ယူနစ်အမှတ် ၀၁-၀၅၊ Junction City OfficeTower ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပသည့်အထူးအစည်းအဝေးတွင်ကုမ္ပဏီအားဆန္ဒအလျောက်ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ပါသည်။ ကုမ္ပဏီအားဖျက်သိမ်းမှုလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကဒ် ၅/ငဇန(နိုင်) ၀၃၈၆၆၂ ကိုင်ဆောင်ထားသောဒေါ်သီတာချိုဝင်းအားစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ /Insolvency Practitioner အဖြစ် ၂၀၂၄ ခုနှစ် ၊ ဖေဖော်ဝါရီလ ၊ ၇ ရက်နေ့တွင်ခန့်အပ်ခဲ့ပြီး ဖြစ်သည်။

**For and on behalf of Exeltis Myanmar Limited**
**Mr. Manuel Ignacio Barro Robles** **Ms. Maria Sandra Martin Moran**
**Mr. Jullian Caillet**

## EXELTIS MYANMAR LIMITD
### Voluntary Liquidation with the consent of the shareholders

At the Special General Meeting of the Company held on 2 Feb 2024 at the Corner of Bogyoke Road and 27th Street, Level 10, Unit 01-05, Junction City Office Tower, Pabaedan Township, Yangon, Myanmar a Special resolution was passed to place the Company into Voluntary liquidation. For carrying out the liquidation, Daw Thida Cho Win holding NRC number 5/Nga Za Na (Naing)038662 was appointed as liquidator/ Insolvency Practitioner on 7 Feb 2024.

We hereby declare that any person owing debts and liabilities to the Company shall claim or pay them from the liquidator by 13 Mar 2024 at the latest.

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂ ရက်နေ့တွင် ၊ ဗိုလ်ချုပ်လမ်းနှင့် ၂၇ လမ်းထောင့်၊ ၁၀ လွှာ၊ ယူနစ်အမှတ် ၀၁-၀၅၊ Junction City Office Tower ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်ကျင်းပသည့်အထူးအစည်းအဝေးတွင် ကုမ္ပဏီအားဆန္ဒအလျောက်ဖျက်သိမ်းရန် အထူးဆုံးဖြတ် ချက်ကိုအတည်ပြုခဲ့ပါသည်။ ကုမ္ပဏီအားဖျက်သိမ်းမှု လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကဒ် ၅/ငဇန (နိုင်)၀၃၈၆၆၂ ကိုင်ဆောင်ထားသော ဒေါ်သီတာချိုဝင်းအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ/Insolvency Practitioner အဖြစ် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၇ ရက်နေ့တွင်ခန့်အပ်ခဲ့ပြီးဖြစ်သည်။

ကုမ္ပဏီသို့ ကြွေးမြီများရှိသည့်မည်သူမဆိုနှင့် ကုမ္ပဏီမှပေးဆပ်ရမည့်အကြွေးများအတွက်ကြွေးရှင်မည်သူမဆို၂၀၂၄ခုနှစ်၊ မတ်လ၊ ၁၃ ရက်နေ့နောက်ဆုံးထားပြီးစာရင်းရှင်းသူထံသို့ဆက်သွယ်ရှင်းလင်းဆောင်ရွက်ရမည်ကိုအသိပေးကြေငြာအပ်ပါသည်။

**Daw Thida Cho Win**
**Liquidator**
**Exeltis Myanmar Limited**
**11C, Stadium View Condo, No 250/252, Corner of Bo Min Yaung Rd & Lower Mandalay St, Mingalartaung Nyunt T/S, Yangon.**

## " အများသိစေရန် "

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ မြေကွက်အမှတ်(၉)ပေါ်တွင် ဆောက်လုပ်ထားသော(၆)ထပ်(၇-လွှာ)တိုက်၏ (၅)ထပ်(၆-လွှာ)တိုက်ခန်း၊ အကျယ်အဝန်း (၂၂x၅၀)ပေရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလပိုင်ဆိုင်သော မြေရှင်များထံမှ အခန်းပေးအခန်းယူစနစ်ဖြင့် တရားဝင် လက်ရောက်ပိုင်ဆိုင်ခဲ့ကြသည့် ကန်ထရိုက်တာများဖြစ်သော (၁) **ဦးမျိုးဆွေ** [၁၂/လမတ(နိုင်)၀၂၉၀၀၇]၊ (၂) **ဦးမြဟန်** [၁၂/အလန(နိုင်)၀၁၃၆၄၂]တို့ထံမှ ဆက်စပ်အရောင်းအဝယ်စာချုပ်များဖြင့် တရားဝင် လက်ရောက်ဝယ်ယူပိုင်ဆိုင်သူဖြစ်သော ဒေါ်ကြည်ကြည်အေး [၁၂/အလန (နိုင်) ၀၃၄၉၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ဆုမြတ်မိုမို** [၁၃/တကန(နိုင်)၁၅၀၅၃၃] က ဥပဒေနှင့်အညီ တရားဝင် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါ တိုက်ခန်းအပါအဝင် စာရွက်စာတမ်းမူရင်းနှင့် အခြားဆက်စပ်စာချုပ်စာတမ်း၊ စာရွက်စာတမ်းများကို လက်ရောက်လက်ခံလွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါ တိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုမြတ်မိုမို ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအာကာလင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ဈေးပြိုင်လေလံစနစ်ဖြင့် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဗဟိုလမ်းဘေးရှိ မြန်မာ့မီးရထား ပိုင်မြေ အကျယ်အဝန်း (၈၀၀)စတုရန်းမီတာ/(၀.၁၉၇)ဧကနှင့် ယင်းမြေပေါ်ရှိ Modular(၂)ထပ် အဆောက်အဦ (၁)လုံး၊ ကြမ်းခင်းဧရိယာ(၃၂၄)စတုရန်းမီတာနှင့် Steel Structure(၁)ထပ် ဂိုဒေါင်အဆောက်အဦ(၁)လုံး၊ ကြမ်းခင်း ဧရိယာ (၁၀၀) စတုရန်းမီတာတို့အား **ကုမ္ပဏီရုံးခန်း/ သင်တန်းကျောင်း/ Tea & Coffee Shop** လုပ်ငန်းများမှ လုပ်ငန်း(၁)ခု (သို့မဟုတ်) လုပ်ငန်း(၂) ခု လုပ်ကိုင်ခွင့်ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ (၁-၄-၂၀၂၄ မှ ၃၁-၃-၂၀၂၉ ထိ) (၅)နှစ် သက်တမ်းငှားရမ်းလုပ်ကိုင်ခွင့်ဖြင့် မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာ၊ စခန်းသာညှိခန်းမဆောင်၌ (၂၈-၂-၂၀၂၄)ရက်နေ့ နေ့လည်(၁၃:၀၀)နာရီအချိန်တွင် ဈေးပြိုင် လေလံစနစ်ဖြင့် တင်ဒါခေါ်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်လိုသူများမှ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါအဆိုပြုလွှာ ပုံစံများကို (၁)စုံလျှင် (၂၀,၀၀၀/-)ကျပ်နှုန်းဖြင့် မန်နေဂျာ(စီးပွားရေး/တိုင်း) တိုင်းအမှတ်(၇) ရန်ကုန်ရုံးတွင် (၁၃-၂-၂၀၂၄)ရက်နေ့ (၀၉:၀၀)အချိန်မှ(၂၇-၂-၂၀၂၄)ရက်နေ့ (၁၆:၃၀)အချိန်ထိ ရုံးချိန်အတွင်း (ရုံးပိတ် ရက်မပါ)ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့မီးရထား(ရုံးချုပ်)၊ နေပြည်တော် ဘူတာ (ပထမ)ထပ်ရှိ စီးပွားရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(ဖုန်း၊ ၀၆၇-၇၇၀၄၈/၇၇၁၂၃/ ၇၇၁၆၃)သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးဆပ်ကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်-၇၁၀၊ ဦးပိုင်အမှတ်(၂၉-က)/၃၁လမ်း၊ ၇၅ x ၇၆ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူဒေါက်တာခင်မောင်ဝင်း[၁၂/လမတ(နိုင်)၀၂၀၈၆၈]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၆၈၃၇/၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သင်းသင်းခိုင်[၉/မမန(နိုင်) ၀၀၀၆၈၉]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် လ-၈၊ ဦးပိုင်အမှတ်(၃၀)/၆၇ x ၆၈ ကြား၊ ၁၁၃ x ၁၁၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒုတပ်ကြပ်စန်းလွင်[၉/မနမ(နိုင်)၀၉၆၄၈၇]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၉၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးပေါ်ထွန်း[၉/မနမ(နိုင်)၁၀၉၀၅၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**ဗလငါးတန်**
**ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ**
**လေ့လာစို့**

## မြေကွက်ဝယ်ယူမည်ဖြစ်၍
## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ ၁၄၄ ရပ်ကွက်၊ စက်မှုဇုန်၊ ရိုးမရိပ်သာလမ်း၊ အမှတ် (၆၆၈) ဟုခေါ်တွင်သော (၄၀' x ၆၀') ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦကို ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ **ဦးခင်မောင်မြင့်**[၁၂/တမန(နိုင်)၁၀၁၉၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးကျော်ဇင်ဦး** [၁၂/သခန(ပြု)၀၀၃၀၄၄]က ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကျော်ဇင်ဦး**

**ဦးရန်နိုင်(မြောင်းမြ)**
**LL.B(RASU); C.WIPO (Geneva)**
**C.Eng: Dip.Eng(U.K):**
**C.Arabic IV(Cairo)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၂၈၁၉/၈-၁၁-၁၉၈၄)**

**ဒေါ်အိမွန်ကျော်**
**LL.B.D.I.L**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၈၆၈၄/၂၀၂၃)**

**၅၂-မြေညီ၊ ၁၅၇-လမ်း၊ တာမွေမြို့နယ်။**
**Ph:09-250821486**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ညောင်ပင်လမ်း၊ အမှတ်-၁၅၊ ၄လွှာ(တတိယထပ်)၊ ခြေရင်းခန်း ဟုခေါ်တွင်သော တိုက်ခန်းကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းမြင့် [၁၄/လပတ(နိုင်)၀၀၆၅၇၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ခိုင်သဇင်ဝင်း [၁၂/ကမတ(နိုင်)၀၆၉၇၂၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးသူရိန်မြင့် LL.B (စဉ်-၉၅၂၀/၂၀၁၃ ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B, D.B.L (စဉ်-၁၂၈၁၈/ ၂၀၁၇ ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ (၁၂၇)ရပ်ကွက်၊ အမှတ်(၆၇၆)၊ (ပေ ၄၀x ပေ၆၀)အကျယ်ရှိသော ဦးမောင်စံ အမည်ပေါက် ပါမစ်မြေနှင့်အဆိုပါမြေပေါ်တွင်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသူ ဦးမင်းထွန်းလင်း [၁၄/ဝခမ (နိုင်)၁၀၆၁၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်ထူး [၁၂/ဗဟန(နိုင်)၀၀၇၁၁၂]က (ပေ ၂၀x ပေ၆၀)အား အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက် အတွင်းပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အထက်ပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ထူး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြူဖြူလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၀၈)**
**ဖုန်း-၀၉-၂၆၀၈၃၈၇၂၇**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ကမ္ဘာပေါ်တွင် Food Security အတွက် လိုအပ်ချက်များရှိ...**

❖ **အဆိုပါစားနပ်ရိက္ခာလိုအပ်ချက်ကို စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် နိုင်ငံများကသာ ဖြည့်ဆည်းပေးနိုင်သဖြင့် စွမ်းအားပြည့်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လို...**

❖ **အချို့နိုင်ငံများ၏ သီးထပ်စွမ်းအားမှာ ၃၀၀ ရာခိုင်နှုန်းကျော်ခန့်ရှိသော်လည်း မိမိတို့နိုင်ငံ၏ သီးထပ်စွမ်းအားမှာ ၁၅၀ ရာခိုင်နှုန်းကျော်ခန့်သာရှိ...**

❖ **ထို့ကြောင့် သီးထပ်စွမ်းအားများတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၃) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်း (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားတက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းက ဖတ်ကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ ဥပစာရင်ပြင်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်း တက်ရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

**ယနေ့ ဖတ်စရာ**

**ဆီဆိုင်မြို့ကို တပ်မတော်က လေကြောင်း၊ လက်နက်ကြီးများဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဘာသာရေးအဆောက်အအုံ ခုနစ်လုံးနှင့် ပြည်သူ့နေအိမ် ၅၀ နီးပါး ထိခိုက်ပျက်စီးဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၅

**ပျားဘုရင်မ**

စာမျက်နှာ » ၂၀

**လူငယ်နှင့် အသက်မွေးဝမ်းကျောင်းအလုပ်**

စာမျက်နှာ » ၂၁

# အိမ်ရှင် အိုင်ဗရီကို့စ်အသင်း အာဖရိကနိုင်ငံများဖလား ဆွတ်ခူး

နိုင်ဂျီးရီးယားအသင်းနဲ့ အိုင်ဗရီကို့စ်အသင်းတို့ ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဖရိကနိုင်ငံများဖလား နောက်ဆုံး ဗိုလ်လုပွဲစဉ်မှာ အိမ်ရှင်အိုင်ဗရီကို့စ်အသင်းက နိုင်ဂျီးရီးယားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အာဖရိကနိုင်ငံများဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ နိုင်ဂျီးရီးယားအသင်းက ပထမပိုင်းပွဲကစားချိန် ၃၈ မိနစ်မှာ ထရစ်အက်ကွန်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၆၂ မိနစ်မှာ ကက်စီနဲ့ ၈၁ မိနစ်မှာ ဟာယ်လ်လာတို့က တစ်ဂိုးစီ သွင်းယူခဲ့လို့ အိုင်ဗရီကို့စ်အသင်းက

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❒



အိုင်ဗရီကို့စ်အသင်းကစားသမားများ အောင်ပွဲခံနေစဉ်။